မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914
**Myanma Alinn Daily**
အတွဲ (၅၃) အမှတ် (၃၂၆)
၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်
၂၀၁၄ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့။

## ဝီရိယနှင့် ဆန္ဒအကျိုး

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမျိုးသားအဆင့် အင်္ဂလိပ်ဘာသာစကား စွမ်းရည်ပြိုင်ပွဲဆုချီးမြှင့်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘွဲ့ကြိုအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မောင်ကျော်မျိုးဝင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၂၆**

အဆင့်မြင့်ပညာကဏ္ဍ အမျိုးသားအဆင့် အင်္ဂလိပ်ဘာသာစကားစွမ်းရည်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-II) ၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အားပေးပြီး ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗြိတိသျှကောင်စီနှင့် Edulink Australia မှ အကဲဖြတ်ဒိုင်များ၊ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြသည်။

အခမ်းအနားတွင် တက္ကသိုလ်ကျောင်းသူများက အပျိုတော်အကနှင့် ဆီမီးခွက်အက၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူများက ရှမ်းအကနှင့် လီဆူးအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ပြီး အကအဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စာစီစာကုံးပြိုင်ပွဲ ဘွဲ့လွန်အဆင့်ပြိုင်ပွဲ၌ ပထမဆုရရှိသော မခင်ဝင့်ဝါထွန်းနှင့် ဘွဲ့ကြိုအဆင့်ပြိုင်ပွဲ၌ ပထမဆုရရှိသော မောင်ကျော်မျိုးဝင်းတို့က ဆုရစာစီစာကုံးများကို ဖတ်ကြားကြသည်။ယင်းနောက် စကားဝိုင်းဆွေးနွေးပွဲ ဘွဲ့လွန်အဆင့်ပြိုင်ပွဲ၌ ပထမဆုရရှိသော မောင်ညီညီထွေးနှင့်အဖွဲ့က သရုပ်ပြဆွေးနွေးကြသည်။

ဆက်လက်၍ကျပန်းစကားပြောပြိုင်ပွဲ ဘွဲ့လွန်အဆင့်ပြိုင်ပွဲ၌ ပထမဆုရရှိသော မောင်ငွန်လျှန်ဆန်းနှင့် ဘွဲ့ကြိုအဆင့်ပြိုင်ပွဲ၌ ပထမဆုရရှိသော မစုပြည့်စုံတို့က သရုပ်ပြကျပန်းစကားပြောကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁ သို့* ❖

# ကမ်းရိုးတန်းအမြန်ယာဉ်များ မြိတ်ဝန်းကျင်ဒေသသို့ပြေးဆွဲနေ

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဩဂုတ် ၂၆**

မြိတ်ဝန်းကျင်ဒေသ၌ ရေလမ်းခရီးကို အားပြုရသည့် မြို့ရွာအများအပြားရှိသည်။ ပုံမှန်စက်လှေများဖြင့် သွားလာရသဖြင့် အချိန်ကြာမြင့်ပြီး ဘေးကင်းလုံခြုံမှုမရှိဖြစ်နေရာ ယခုအခါ ကမ်းရိုးတန်း အမြန်ရေယာဉ်များဖြင့် ခရီးစဉ်များကို နေ့စဉ်ပုံမှန် ပြေးဆွဲပေးနေပြီဖြစ်သည်။

“ဒီလို အမြန်ရေယာဉ်တွေပြေးဆွဲလို့ ကျွန်တော်တို့ မိုးရာသီမှာ ရေလမ်းခရီးနဲ့ သွားလာရေးအဆင်ပြေနေတာဖြစ်ပါတယ်။ ခရီးသည်ရော၊ ကုန်ပါတင်တာဖြစ်ပေမယ့် ဘေးကင်းလုံခြုံလို့ စီးနင်းသွားလာရတာ အဆင်ပြေပါတယ်”ဟု ချောင်းကြီးဝရွာသား ကိုဇော်မျိုးက ပြောကြားသည်။

မြိတ်မြို့ကမ်းနားလမ်း ဆိပ်ကမ်းရုံးရှေ့ရှိ ဆိပ်ငယ်တံတားမှ ဂန္ဓမာ-၁၊ ဂန္ဓမာ-၂ အမြန်ရေယာဉ်များ ပြေးဆွဲပေးနေသကဲ့သို့ ဧရာနဒီအမြန်ရေယာဉ်လည်း ယခုနှစ် ဩဂုတ် ၄ ရက်မှ စတင်ပြေးဆွဲလျက်ရှိသည်။

ရေလမ်းခရီးကို အားပြုသွားလာနေရသော ဒေသခံပြည်သူများ၊ ဒေသထွက်ကုန် ရေထွက်ပစ္စည်းများကို သယ်ဆောင်တင်ပို့မည့် ကျေးရွာသားများအတွက် မိုးရာသီတွင် ဘေးကင်းလုံခြုံစွာ ကမ်းရိုးတန်း အမြန်ယာဉ်များဖြင့် သွားလာနိုင်ပြီဖြစ်သည်။ မြိတ်မြို့ကို အခြေပြုပြီး ကမ်းရိုးတန်းအမြန်ရေယာဉ်များဖြစ်သည့် ဂန္ဓမာ၊ ဧရာနဒီတို့ သတ်မှတ်ခရီးစဉ်အတိုင်း ပြေးဆွဲလျက်ရှိသည်။

ဧရာနဒီ ကမ်းရိုးတန်းအမြန်ရေယာဉ်သည် နေ့စဉ် မြိတ်မြို့ကမ်းနားလမ်း ဆိပ်ငယ်တံတားမှ စတင်ထွက်ခွာပြီး ကံမော်၊ မောခေါင်းတုံး၊ အလယ်မန်၊ ချောင်းကဖီး၊ ကြိမ်နီတောင်၊ ကြိမ်မဲတောင်၊ ပြောကျွန်း၊ ကော့ရဲကျွန်း၊ ကမ်းတော၊ စခန်းသစ် စသည့်နေရာများသို့ ပြေးဆွဲကာ ခရီးသည်နှင့် ကုန်စည်စီးဆင်းမှုကို အဆင်ပြေချောမွေ့ အောင်မောင်းနှင်ပေးလျက်ရှိသည်။

ထို့အတူ ဂန္ဓမာ-၁၊ ဂန္ဓမာ -၂ ကမ်းရိုးတန်း အမြန်ရေယာဉ်ကလည်း နေ့စဉ် နံနက် ၆ နာရီခွဲမှ ၈ နာရီအထိ နှစ်စင်းပြေးဆွဲပေးလျက်ရှိသည်။ ယင်း အမြန်ရေယာဉ်များသည် မြိတ်မြို့ကမ်းနားလမ်း ဆိပ်ငယ်တံတားမှ ခရီးသည်နှင့် ကုန်ပစ္စည်းများကို ပြေးဆွဲပေးလျက်ရှိသည်။

ထိုသို့ ပြေးဆွဲရာတွင် မြိတ်မြို့မှ စခန်းသစ်၊ စခန်းသစ်မှ ကံမော်၊

*စာမျက်နှာ ၁၀ ကော်လံ ၅ သို့* ❍



မြိတ်မြို့ကို အခြေပြု၍ ကမ်းရိုးတန်းအမြန်ရေယာဉ်တစ်စင်း ပြေးဆွဲနေစဉ်။

ယနေ့
**မာတိကာ**

တောင်ကိုရီးယား၌ မိုးသည်းထန်မှု ငါးဦးသေဆုံး ဘူဆန်မြို့ မီးရထားပြေးဆွဲမှု အနှောင့်အယှက်ဖြစ် — စာ-၄

၂၀၁၃ MNL အကောင်းဆုံးဆု ရန်ကုန်တိုက်စစ်မှူး ဆီဇာ ရရှိ — စာ-၁၀

တောမီးမှ ယာတဲကို ကူးစက်မီးလောင်ကျွမ်း ကလေးနှစ်ဦး မီးလောင်သေဆုံး — စာ-၁၂

မန်ယူတိုက်စစ်ကို အားဖြည့်မယ့် ဒီမာရီယာ — စာ-၁၄

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### အထူးကုဆေးရုံကြီး(ရန်ကုန်)

လူတိုင်းလူတိုင်းသည် ပြင်းထန်သော ရောဂါဝေဒနာတစ်ရပ် ခံစားနေရပြီဆိုလျှင် ရောဂါကိုကုစားပေးနိုင်မည့် ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးသွားရောက်လိုကြပေလိမ့်မည်။ ဆေးရုံဆေးခန်းတို့မည်သည် လူနာဝေဒနာရှင်များ၏ ရောဂါခံစားနေရမှုများကို သက်သာပျောက်ကင်းအောင် ကုစားပေးနိုင်သော ကယ်တင်ပေးရာနေရာဌာနများ ဖြစ်ပါသည်။ ဆေးရုံဆေးခန်းကောင်းတို့သည် လူနာဝေဒနာရှင်များအတွက် အလွန်ပင်တန်ဖိုးရှိလှပေသည်။

လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် ကျန်းမာရေးကဏ္ဍကို အထူးဦးစားပေး ဆောင်ရွက်လျက်ရှိပါသည်။ ဆေးရုံဆေးခန်းများ ပြုပြင်မွမ်းမံခြင်း၊ တိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်း အစရှိသဖြင့် အခြေခံအဆောက်အအုံများ ပြည့်စုံရေးအတွက် တည်ဆောက်ပေးနေသကဲ့သို့ ဆရာဝန်၊ သူနာပြု၊ ဆေးနှင့် ဆေးပစ္စည်းများ လုံလောက်စွာရရှိရေး၊ ကျန်းမာရေးအသုံးစရိတ်များ မြှင့်တင်ပြီး ဖြည့်ဆည်းပေးနေသည်ကိုလည်း ကြားသိနေရပါသည်။

ယခုတစ်ဖန် လူနာဝေဒနာရှင်များ အဓိကအားကိုးအားထားပြုရမည့် အထူးကုဆေးရုံကြီးတစ်ရုံကိုလည်း ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ပါသည်။ ဤဆေးရုံကြီးသည်ကား ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီး (ရန်ကုန်)ပင် ဖြစ်ပါသည်။ ယင်းဆေးရုံကြီးကို သြဂုတ် ၂၅ ရက်က ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းကိုယ်တိုင် တက်ရောက်၍ ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ပါသည်။ ဤဆေးရုံကြီးကို ယခင်စွမ်းအင်ဝန်ကြီးဌာန ရုံးဟောင်းအဆောက်အအုံအား ကုမ္ပဏီလေးခုက ကုမ္ပဏီတစ်ခုလျှင် ငွေကျပ်သန်းပေါင်း ၁၈၅၀ စီဖြင့် စုစုပေါင်းငွေကျပ်သန်းပေါင်း ၇၄၀၀ အကုန်အကျခံ၍ တည်ဆောက်ပြုပြင်မွမ်းမံလှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။

ဤဆေးရုံကြီးတွင် အဓိကအားဖြင့် ခန္ဓာကိုယ်အတွင်းရှိ ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းနှင့်ဆိုင်သော ရောဂါများကို ကုသပေးနိုင်မည်ဖြစ်ပါသည်။ ယင်းဆေးရုံကြီး၌ နိုင်ငံတော်အစိုးရ ထောက်ပံ့မှုဖြင့် နိုင်ငံတကာအဆင့်မီခွဲစိတ်ခန်း **Modular Operation Theatre and Air Handing Unit** ပါရှိပြီး ခွဲစိတ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်ကို ၂၀၁၄ ခုနှစ် ဇွန် ၃၀ ရက်တွင် စတင်အသုံးပြုနိုင်ခဲ့ပါသည်။ ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီး(ရန်ကုန်)၌ အထူးကုဌာနကြီးရှစ်ခုနှင့် အထောက်အကူပြုဌာန ၁၂ ခု ရှိသည်။ ဤဆေးရုံကြီး၌ အဓိကအားဖြင့် ဆီးနှင့်ကျောက်ကပ်ရောဂါများ၊ အသည်း၊ သည်းခြေနှင့် ပန်ခရိယဆိုင်ရာရောဂါများ၊ အဆုတ်နှင့် ရင်ခေါင်းဆိုင်ရာရောဂါများကို အထူးကုသပေးနိုင်မည်ဖြစ်ပါသည်။

ထိုဆေးရုံကြီးသည် ခန္ဓာကိုယ်တွင်း အင်္ဂါဆိုင်ရာရောဂါများကို အထူးကုသပေးနိုင်သည့် ဆေးရုံကြီးဖြစ်သကဲ့သို့ ဆေးရုံအတွင်း အသုံးပြုသော ပစ္စည်းများမှာလည်း သန့်ရှင်းကောင်းမွန်ပါသည်။ လူနာများအတွက် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်မည့် ဆေးရုံကြီးဖြစ်ပါသည်။ ဆေးရုံကောင်းတို့မည်သည် ကုသမှုကောင်းရမည်ဖြစ်သလို သန့်ရှင်းသပ်ရပ်မှုနှင့် ဝန်ဆောင်မှု၊ ကုသမှုလည်း ကောင်းရမည်ဖြစ်သကဲ့သို့ ဤဆေးရုံကြီးသည်လည်း ဆေးရုံကောင်းတို့၏ အင်္ဂါရပ်နှင့်ပြည့်စုံသော ဆေးရုံကြီးဖြစ်ပါသည်။ ထိုသို့ ကောင်းမွန်သော ဆေးရုံကြီးအား နောင်နှစ်ပေါင်းများစွာ သန့်ရှင်းသပ်ရပ်ပြီး ကုသမှု၊ ဝန်ဆောင်မှု အကောင်းဆုံးပေးနိုင်သည့် ဆေးရုံကြီးအဖြစ် ဆက်လက်ရပ်တည်နိုင်ရေး ဆေးရုံတာဝန်ရှိသူများ အပါအဝင် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းစောင့်ရှောက်သွားရမည် ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

### မင်္ဂလာဒုံစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်းကြည့်ရှုအားပေး

**နေပြည်တော် သြဂုတ် ၂၆**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် သြဂုတ် ၂၃ ရက်က မင်္ဂလာဒုံစက်မှုဇုန်ရှိ ဖာမိုဆိုအထည်ချုပ်စက်ရုံ၊ တီအိုင် အထည်ချုပ်စက်ရုံနှင့် မြန်မာတာရှင်း အထည်ချုပ်စက်ရုံများသို့ ကွင်းဆင်းကြည့်ရှုခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံမှာကြားရာတွင် လုပ်ငန်းခွင်အေးချမ်းသာယာစေရန်နှင့် ကုန်ထုတ်စွမ်းအား တိုးတက်စေရန်တို့အတွက် အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်ကိုလည်း နှစ်ဦးနှစ်ဖက်ပွင့်လင်းမြင်သာစွာ ချုပ်ဆိုဆောင်ရွက်သွားရန်လိုကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာဥပဒေများ၊ နည်းဥပဒေများကို ကောင်းမွန်စွာသိရှိပြီး လိုက်နာဆောင်ရွက်သွားရန် အလုပ်ရှင်များဘက်ကလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိစက်ရုံ၏ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းမှု၊ ကုန်ထုတ်စွမ်းအား တိုးတက်မှုကို များစွာအထောက်အကူပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံ၊ အလုပ်ရုံများတွင် ဖွဲ့စည်းထားသော အခြေခံအလုပ်သမားအဖွဲ့အစည်းများနှင့် တွေ့ဆုံကာ အခြေခံအလုပ်သမားအဖွဲ့အစည်းများမှ အလုပ်သမားခေါင်းဆောင်များ၏ တင်ပြချက်များကို ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပ

**ရန်ကုန် သြဂုတ် ၂၆**

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို တိုင်းဒေသကြီး လွှတ်တော်ရုံးခန်းမ၌ သြဂုတ် ၂၅ ရက် နံနက် ၁၀ နာရီက ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၃ ဦးတက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို တိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားကြသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်သို့ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ "၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ" တင်သွင်းခြင်း၊ တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက "ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေကြမ်း"၊ "ရန်ကုန်တိုင်းဒေသကြီးပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေကြမ်း" များနှင့်စပ်လျဉ်း၍ ကော်မတီ၏ စိစစ်တွေ့ရှိချက်အစီရင်ခံစာများတင်သွင်းကြသည်။

ဆက်လက်၍ အဆို(၄)ရပ် တင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်း၊ ဆွေးနွေးရန် အတည်ပြုချက်ရယူခြင်း၊ ပထမနေ့တွင် တင်သွင်းခဲ့သော အဆို (၃)ရပ်အား မှတ်တမ်းတင်ခြင်း (၂)ရပ်၊ အတည်မဖြစ်သော အဆို တစ်ရပ်တို့ကို ဆွေးနွေးခြင်း၊ အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်သည်။

**(သတင်းစဉ်)**

### မူးယစ်ဆေးဝါးအန္တရာယ်ဟောပြော

**ရန်ကုန် သြဂုတ် ၂၆**

မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များကို ကျောင်းနေအရွယ် လူငယ်များ သတိရှိစွာဖြင့် ရှောင်ရှားနိုင်ရန် အသိပညာပေးဟောပြောပွဲကို သြဂုတ် ၂၁ ရက် နံနက် ၉ နာရီက တာမွေမြို့နယ် အထက (၁၀) ကျောင်းခန်းမ၌ ဟောပြောဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စေစိုးက အမှာစကားပြောကြားသည်။ ဆက်လက်၍ မူးယစ်တပ်ဖွဲ့စု (၄၁)မှ ရဲအုပ်နေလင်းထွန်းက ယနေ့လူငယ်များ မူးယစ်ဆေးဝါးကို စမ်းသပ်သုံးစွဲမိရာမှ ဘဝပျက်စီးရပုံ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များစွာတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြသ ဟောပြောသည်။



ဆက်လက်ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှမြင့်က "အနာဂတ်လူငယ်များ ထွန်းတောက်စေချင်" ခေါင်းစဉ်ဖြင့် ဟောပြောပြီး မြို့နယ်ရဲမှူး ခင်မောင်မြက လူကုန်ကူးမှုဖြစ်ပွားစေသော အဓိကအကြောင်းအရာများ၊ လူကုန်ကူးခံရခြင်းကြောင့် ရရှိသော ဆိုးကျိုးများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို ပါဝါပွိုင့်ဖြင့် ဆက်လက်၍ ရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။ **လှလှ**



**လူကုန်ကူးမှု**
**အန္တရာယ်**
**တစ်မျိုးသားလုံး**
**ဝိုင်းဝန်းကာကွယ်**



ပြည်တွင်းသတင်း

# ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှုရရှိရေး အတူတကွ ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၆

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် 'ဝ' အထူးဒေသ(၂) မှ ဗဟိုကော်မတီဝင် ဦးကျောက်ကော်အန်း၊ SSPP/SSA မှ ဒုတိယဥက္ကဋ္ဌ စဝ်ခေးတိုင်းနှင့် မိုင်းလားအထူးဒေသ(၄)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့တို့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့များအား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သည် ဥပဒေပြုရေးကို အဓိကထားဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်သော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေးမှတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အဓိကထားဆောင်ရွက်နေသော အဖွဲ့အစည်းလည်းဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်တွင် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို ဖွဲ့စည်းထားရှိပြီး ယင်းကော်မတီအနေဖြင့် အဆိုပါကိစ္စများကို အဓိကထားဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးအတွက် နိုင်ငံတော်သမ္မတဦးဆောင်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီကို ဖွဲ့စည်းထားပါကြောင်း၊ အဆိုပါကော်မတီတွင် မိမိအနေဖြင့် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီတွင်လည်း ဒုတိယဥက္ကဋ္ဌအဖြစ် မိမိတို့လွှတ်တော်မှ ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်အနေဖြင့် ပြည်တွင်း ငြိမ်းချမ်းရေးရရှိရေးအတွက် ဆောင်ရွက်နေမှုများကို အပြည့်အဝထောက်ခံပြီး လိုအပ်သည်များကိုလည်း ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်တွင်းငြိမ်းချမ်းရေး အမှန်တကယ်ရရှိရန်ဆိုလျှင် အပစ်အခတ်ရပ်စဲရေးရှိရန် လိုအပ်ပါကြောင်း၊ အကယ်၍ အပစ်အခတ်များမရပ်စဲဘဲ ငြိမ်းချမ်းရေးကို ရှေးရှုမဆောင်ရွက်ပါက အဆိုပါဒေသများရှိ တိုင်းရင်းသားပြည်သူများအနေဖြင့် အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးခြင်း အပါအဝင် ဒုက္ခမျိုးစုံ ကြုံတွေ့နေရဦးမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ မပျက်စီး၊ မဆုံးရှုံးစေရန်နှင့် ဒုက္ခမျိုးစုံ မကြုံတွေ့စေရေးအတွက် အပစ်အခတ်ရပ်စဲရေးမှတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသားအဖွဲ့အစည်းများသည် အစိုးရအဖွဲ့နှင့်အတူ စိတ်ကောင်းစေတနာထားရှိပြီး ယုံယုံကြည်ကြည် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြင်ဆင်သင့်သည်များကိုပြင်ဆင်ပြီး ထားရှိသင့်သည်များကိုထားရှိကာ ချင့်ချင့်ချိန်ချိန်နှင့် ရဲရဲဝံ့ဝံ့ဆောင်ရွက်ရန် လိုအပ်သည်မှာ အမှန်ပင်ဖြစ်ပါကြောင်း၊ သို့မှသာ ငြိမ်းချမ်းရေးအတွက်လည်း များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ အဆိုပါလုပ်ငန်းများကို လွှတ်တော်များကဆောင်ရွက်ရန် ရှိသကဲ့သို့ တိုင်းရင်းသားပြည်သူ နိုင်ငံသားအားလုံး ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် ငြိမ်းချမ်းရေးပေါ်တွင် အဓိကတည်ရှိနေကြောင်း၊ သို့ဖြစ်၍ မိမိဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ရရှိရန် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အပစ်အခတ်ရပ်စဲရေးမှတစ်ဆင့် ငြိမ်းချမ်းရေးရရှိရေးကို သန္နိဋ္ဌာန်ထား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများက တိုင်းရင်းသားအဖွဲ့အစည်းများ တရားဥပဒေဘောင်အတွင်း ဝင်ရောက်၍ ငြိမ်းချမ်းရေးရယူခဲ့ပြီးနောက် ဒေသဖွံ့ဖြိုးရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နိုင်ခဲ့မှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှုရရှိရေးအတွက် အတူတကွပူးပေါင်းလက်တွဲဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် 'ဝ' အထူးဒေသ(၂)၊ SSPP/SSA နှင့် မိုင်းလား အထူးဒေသ(၄)တို့မှ ကိုယ်စားလှယ်အဖွဲ့များ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်၊ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်းနှင့် ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ကုလ အတွင်းရေးမှူးချုပ်၏အထူးအကြံပေးပုဂ္ဂိုလ်နှင့်အဖွဲ့ ကယ်ဆယ်ရေးစခန်းများကြည့်ရှု

**စစ်တွေ ဩဂုတ် ၂၆**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာနမ်ဗီးယားနှင့်အဖွဲ့သည် ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်း၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးအောင်သန်းတင်တို့နှင့်အတူ မြေပုံမြို့သို့ရောက်ရှိပြီး မြေပုံမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကွန်ရက်၊ အမျိုးသမီးကွန်ရက်(ယာယီ)၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ NGO,INGOs အဖွဲ့များ၏ အခန်းကဏ္ဍများနှင့် နှစ်ဖက်လူ့အဖွဲ့အစည်းများအကြား ပြန်လည်သင့်မြတ်စွာနေထိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**



ယင်းနောက် မြေပုံမြို့ ကံသာထွက်ဝရပ်ကွက်ရှိ တိုင်းရင်းသားကယ်ဆယ်ရေးစခန်းနှင့် တောင်ပေါ်ကယ်ဆယ်ရေးစခန်းတို့သို့ သွားရောက်ကာ နိုင်ငံသားပြုခွင့်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ရုံးတွင် ဘင်္ဂါလီများအား ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်နေမှုကို ကြည့်ရှုသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနမှဖွင့်လှစ်ထားရှိသော ဆေးခန်း၌ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကိုကြည့်ရှုမေးမြန်းပြီး ကယ်ဆယ်ရေးစခန်းမှ ဘင်္ဂါလီမိသားစုဝင်များနှင့် တွေ့ဆုံ၍ လူ့အဖွဲ့အစည်းအကြား တစ်ဖက်နှင့်တစ်ဖက် ပုံမှန်နေထိုင်ရေး၊ နိုင်ငံသားဖြစ်မှုဥပဒေအရ စစ်ဆေးနေမှုအပေါ် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရေး၊ ရေလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ခွင့်နှင့် ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြေပုံမြို့ ရွာသစ်ကေရပ်ကွက်ရှိ ပညာ့ဗိမာန်ရိပ်သာ ပရိယတ္တိစာသင်တိုက်မှ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာဘောဂကို သွားရောက်ဖူးမြော်ပြီး မြို့ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား လျှောက်ထားကာ ညနေ ၄ နာရီတွင် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ မိသားစုဝင်များနှင့် တွေ့ဆုံခဲ့သည်။

ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက စစ်တွေမြို့ စက်ရုံစု တိုင်းရင်းသားကယ်ဆယ်ရေးစခန်းနှင့် သက္ကေပြင်၊ ခေါင်းဒုက္ကာ ဘင်္ဂါလီကယ်ဆယ်ရေးစခန်းများသို့ရောက်ရှိပြီး စခန်းများရှိ အိမ်ထောင်စုဝင်များအား တွေ့ဆုံမေးမြန်းအားပေးသည်။

ထို့နောက် နံနက် ၁၀ နာရီခွဲတွင် မစ္စတာနမ်ဗီးယားနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဧည့်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့်တွေ့ဆုံပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များကို အရေးယူဆောင်ရွက်မည်

နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံတော်အတွင်း တရားမဝင်ရောက်ရှိနေသော လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်းပြီး One Stop Service စနစ်ဖြင့် ဖေဖော်ဝါရီ ၁၇ ရက်မှ ဇူလိုင် ၄ ရက်အထိ နောက်ဆုံးအကြိမ်အဖြစ် သတ်မှတ်၍ ဆောင်ရွက်ပေးခဲ့ရာ ၄၅၁၆၀၈ စီး မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

စီမံချက်ကာလပြီးဆုံးသွားပြီဖြစ်၍ ဥပဒေနှင့်အညီလိုက်နာစေရန် မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များကို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များကိုစိစစ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များမှ တိုက်ရိုက်တာဝန်ယူ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များကို ဒေသပေါက်ဈေး၏ ၅၀ ရာခိုင်နှုန်း(သို့မဟုတ်) ယင်းတန်ဖိုးထက်မနည်းသောဒဏ်ကြေးကို သက်ဆိုင်ရာအစိုးရအဖွဲ့၏ဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ကောက်ခံမည်ဖြစ်ကြောင်း၊ သတ်မှတ်ဒဏ်ကြေးကို ပေးသွင်းလျှင် သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ဆောင်ရွက်ရန်ဖြစ်ပြီး ပေးသွင်းခြင်းမပြုပါက သိမ်းဆည်း၍ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်သည့်အခြေအနေရှိလျှင် လေလံဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမော်တော်ဆိုင်ကယ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အတွင်းသာ နယ်မြေကန့်သတ်ချက်ဖြင့် မှတ်ပုံတင်ခွင့်ပြုမည်ဖြစ်ပြီး ဒေသအလိုက် သီးခြားမော်တော်ဆိုင်ကယ်မှတ်ပုံတင်အမှတ်များ သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး/ပြည်နယ်အတွင်း မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာအစိုးရအဖွဲ့များက မှတ်ပုံတင်စီးရေအပေါ် လိုအပ်သလို ထိန်းချုပ်ကန့်သတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပမှ တရားဝင်ထုတ်လုပ်တင်သွင်းလာသော မော်တော်ဆိုင်ကယ်များကိုမူ လက်ရှိဆောင်ရွက်ပေးလျက်ရှိသည့်စနစ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

လူကုန်ကူးမှုတားဆီးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

နိုင်ငံတကာသတင်း

# ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ် စစ်သွေးကြွများအား အမေရိကန် လေကြောင်းမှတိုက်ရန် ပြင်ဆင်နေပြီ



**ပင်တဂွန် ဩဂုတ် ၂၆**

ဒမတ်စကတ်အစိုးရက ၎င်းတို့ခွင့်ပြုချက်မရဘဲ နိုင်ငံအတွင်း စစ်ဆင်ရေးမပြုလုပ်ရန် တားမြစ်နေသော်လည်း အမေရိကန်က ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများအား လေကြောင်းမှတိုက်ခိုက်သွားရန် ပြင်ဆင်နေပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောဆိုလိုက်သည်။

အီရတ်နှင့် ဆီးရီးယားနိုင်ငံအတွင်း လှုပ်ရှားနေသော အိုင်အက်စ်စစ်သွေးကြွများအား စစ်ရေးအရ တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ပင်တဂွန်အကြီးအကဲ၏ ပြောရေးဆိုခွင့်ရှိသူက တနင်္လာနေ့တွင် ပြောကြားသည်။

ပင်တဂွန်အနေဖြင့် လေကြောင်းတိုက်ခိုက်မှုအပါအဝင် စစ်ရေးအတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း ဗိုလ်မှူးကြီးအက်သောမတ်စ်က ပြောသည်။

စစ်သွေးကြွများအား တိုက်ခိုက်ရာတွင် ဒေသဆိုင်ရာနှင့် ဥရောပနိုင်ငံများနှင့်အတူ ညှိနှိုင်းပေါင်းဖွဲ့ရန် လိုကြောင်း ၎င်းကမှတ်ချက်ပြုပြောဆိုလိုက်သည်။

သမ္မတဘားရက်အိုဘားမားက ဆီးရီးယား၏ သဘောတူညီချက်ကို ယင်းတို့အား တိုက်ခိုက်ရာတွင် ရယူမည်မဟုတ်ဟု ဆိုသည်။ ဆီးရီးယားနိုင်ငံအတွင်းရှိ စစ်သွေးကြွများအား ချေမှုန်းရန် တပ်ကိုအသုံးပြုရန် အသင့်ရှိကြောင်းလည်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

ပင်တဂွန်က အီရတ်ရှိ အိုင်အက်စ်စစ်သွေးကြွများအား စတင်တိုက်ခိုက်နေပြီဟု ဆိုသည်။ မကြာမီ ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများကိုလည်း တိုက်ခိုက်ရန် အသင့်ဖြစ်နေပြီဟု ဆိုသည်။

**(ပရက်စ်တီဗွီ)**

# အီရတ်ကာဒစ်တပ်ဖွဲ့ဝင်များ လေကြောင်းပစ်ကူမှုနှင့်အတူ အိုင်အက်စ်တို့ထံမှ ရွာသုံးရွာပြန်သိမ်း

**ဘဂ္ဂဒက် ဩဂုတ် ၂၆**

အီရတ်ကာဒစ်တပ်ဖွဲ့ဝင်များက မြို့တော်ဘဂ္ဂဒက်အရှေ့မြောက်ပိုင်းရှိ အိုင်အက်စ်စစ်သွေးကြွများထံမှ ရွာသုံးရွာကို ပြန်လည်သိမ်းပိုက်လိုက်သည်။

ကာဒစ် တပ်ဖွဲ့ဝင်များက တနင်္လာနေ့က ဒီယာလာပြည်နယ် ဂျာလော်လာဒေသရှိ အဆိုပါရွာသုံးရွာကို အီရတ်တပ်ဖွဲ့ဝင်များ၏ လေကြောင်းပစ်ကူပေးမှုနှင့်အတူ ပြန်လည်ရယူခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ယင်းတို့သည် စစ်သွေးကြွများ အသုံးပြုရာ အဓိကလမ်းမကြီးကိုလည်း ထိန်းချုပ်ထားပြီဖြစ်ကြောင်း ကာဒစ်အဖွဲ့ဝင်များက ပြောသည်။ “ဂျာလော်လာဒေသဟာ ဘဂ္ဂဒက်သွားရာဝင်ပေါက်တစ်ခုဖြစ်နေတဲ့အတွက် မဟာဗျူဟာကျနေပါတယ်” ဟု ကာဒစ်ထိပ်တန်း ဝါရင့်နိုင်ငံရေးသမား ရှာကိုမာဝါအစ်က ပြောသည်။

အဆိုပါဒေသ၌ အီရတ်လေတပ်က လေကြောင်းမှတိုက်ခိုက်ချိန် ကာဒစ်တပ်ဖွဲ့ဝင်များက မြေပြင်တိုက်ပွဲဆင်နွှဲခဲ့ကြောင်း ၎င်းကပြောသည်။ ကာဒစ်နှင့်အီရတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းခြင်းဖြင့် အင်အားကြီးထွားလာကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။



ယခုနှစ်အစောပိုင်းမှစပြီး အီရတ်နိုင်ငံသည် အိုင်အက်စ်အကြမ်းဖက်အုပ်စုနှင့် နိုင်ငံအနောက်ပိုင်းကို ထိန်းချုပ်ထားသော စစ်သွေးကြွများ၏ ထိပ်တိုက်ရင်ဆိုင်ရမှုမှာ ကြီးထွားလာသည်။ **(ပရက်စ်တီဗွီ)**

# ရုရှားလေထီးတပ်ဖွဲ့ဝင် ၁၀ ဦး ယူကရိန်းတပ်ဖွဲ့ဝင်များက ဖမ်းဆီး

**ဒိုးနက် ဩဂုတ် ၂၆**

ဒိုးနက်မြို့အနီး ယူကရိန်းမြေပေါ်တွင် ရုရှားလေထီးတပ်ဖွဲ့ဝင် ၁၀ ဦးအား ဖမ်းဆီးလိုက်ကြောင်း ယူကရိန်းက ပြောသည်။

ရုရှားအလယ်ပိုင်း အမှတ် (၉၈) လေကြောင်းချီတပ်မှ တပ်ဖွဲ့ဝင်များအား ဒိုးနက်အရှေ့တောင်ပိုင်း ဒီဇာကယ်နီရွာအနီး ယူကရိန်းတပ်များက ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ယူကရိန်းလုံခြုံရေးတပ်ဖွဲ့က တနင်္လာနေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

စုံစမ်းစစ်ဆေးရေးမှူးများက ၎င်းရုရှား လေထီးတပ်ဖွဲ့ဝင်များအား တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်မှုကြောင့် စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်းလည်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါသတင်းမှာ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ယူကရိန်းသမ္မတ ပိုရိုချန်ကိုတို့ အင်္ဂါနေ့တွင် ဘီလာရုစ်မြို့တော် မင့်စ်၌ မတွေ့ဆုံမီ ထွက်ပေါ်လာခြင်းဖြစ်သည်။

**(ပရက်စ်တီဗွီ)**

# အစ္စရေးဂျက်လေယာဉ်များတိုက်ခိုက် အနည်းဆုံးပါလက်စတိုင်း နှစ်ဦးသေဆုံး

**ဂါဇာ ဩဂုတ် ၂၆**

အစ္စရေးဂျက်လေယာဉ်များက အင်္ဂါနေ့အစောပိုင်းတွင် ပါလက်စတိုင်းတို့အား ပစ်မှတ်ထားလျက် ၁၅ ကြိမ်တိုင်တိုင် တိုက်ခိုက်ခဲ့ရာ အနည်းဆုံး ပါလက်စတိုင်းနှစ်ဦးထက်မနည်း သေဆုံးသွားသည်။

အစ္စရေးတို့က တနင်္လာနေ့တွင် ဂါဇာမြို့ရှိ အယ်လ်နာဆာတာဝါကို တိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်း ၂၀ ဒဏ်ရာရရှိသွားခဲ့သည်။ ထို့နောက် တစ်နေ့တည်းမှာပင် ဂါဇာမြောက်ပိုင်း ဂျာဘာလီယာရှိ ကုလသမဂ္ဂ ကျောင်းတစ်ကျောင်း အစ္စရေးတို့ တိုက်ခိုက်မှုခံရပြီး လူအချို့ဒဏ်ရာရသွားကြောင်း ပါလက်စတိုင်း မီဒီယာများက ပြောသည်။

အစ္စရေးတို့ ဇူလိုင် ၈ ရက် ထိုးစစ်ဆင်တိုက်ခိုက်ကတည်းက ဂါဇာ၌ အနည်းဆုံးမိသားစုလိုက် သေဆုံးမှု ၈၉ စုရှိပြီဖြစ်ကြောင်း ပါလက်စတိုင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောသည်။

**(ပရက်စ်တီဗွီ)**

# အီဘိုလာကူးစက်ခံရသည့် ကျန်းမာရေးလုပ်သား ၁၂၀ ကျော်သေဆုံး

**ကုလသမဂ္ဂ ဩဂုတ် ၂၆**

အနောက်အာဖရိက တစ်ဝန်း၌ အီဘိုလာကြောင့် ကျန်းမာရေးလုပ်သား ၁၂၀ ကျော် သေဆုံးခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ပြောသည်။

ကုလသမဂ္ဂက တနင်္လာနေ့ အစီရင်ခံစာအရ ၄င်းရောဂါဖြစ်ပွားလျက်ရှိသော ဂီနီ၊ လိုက်ဘေးရီးယား၊ နိုင်ဂျီးရီးယား၊ ဆီရာလီယွန်တို့၌ ကျန်းမာရေးလုပ်သား ၁၂၀ ကျော် သေဆုံးခဲ့သည်ဟု သိရသည်။

၄င်းရောဂါ ကူးစက်ခံရသည့် ကျန်းမာရေးဝန်ထမ်း အရေအတွက်သည် မကြုံစဖူး များပြားလာကြောင်း နိုင်ငံတကာအဖွဲ့အစည်းက ပြောခဲ့သည်။

အီဘိုလာ ဗိုင်းရပ်စ်ရောဂါ ကူးစက်မှုသည် ကျယ်ပြန့်မှုများလာပြီး မြန်နှုန်းလည်း မြင့်လာကြောင်း WHO အဖွဲ့က သတိပေးပြောကြားခဲ့သည်။

အီဘိုလာရောဂါသည် လူ့ခန္ဓာကိုယ်၏ သွေး၊ တံတွေး၊ ချွေးကဲ့သို့သော အရည်များမှ ကူးစက်ပြန့်ပွားခြင်းဖြစ်သည်။ လွန်ခဲ့သော ဆယ်စုနှစ် လေးခုကျော်ကတည်းက ယင်း ရောဂါကူးစက်ခံရသူ သုံးပုံနှစ်ပုံခန့်သည် သေဆုံးခဲ့သည်။ လက်ရှိကာလ၌ ၄င်းရောဂါပျောက်ကင်းအောင် ကုသနိုင်ခြင်း မရှိသေးပေ။

အနောက်အာဖရိကရှိ လိုက်ဘေးရီးယား၊ ဂီနီ၊ ဆီရာလီယွန်၊ နိုင်ဂျီးရီးယားတို့၌ သေဆုံးသူ ၁၄၀၀ ကျော်ရှိလာပြီဖြစ်သည်။ ကွန်ဂိုသည် ၄င်းရောဂါကူးစက်ခံရသည့် သီးခြားနေရာတစ်ခုဖြစ်လာခဲ့သည်။

**(ပရက်စ်တီဗွီ)**



# တောင်ကိုရီးယား၌ မိုးသည်းထန်မှု ငါးဦးသေဆုံး ဘူဆန်မြို့ မီးရထားပြေးဆွဲမှု အနှောင့်အယှက်ဖြစ်

**ဆိုးလ် ဩဂုတ် ၂၆**

တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုဖြစ်ပွားခဲ့ရာ ငါးဦးထက်မနည်းသေဆုံးခဲ့ကြောင်း အရာရှိများက ပြောသည်။ တောင်ပိုင်းရှိ ချန်ဝမ်မြို့အနီး၌ ရေကြီးမှုကြောင့် ဘတ်စ်ကားတစ်စီးရေထဲမျောပါသွားခဲ့ရာ လေးဦးပျောက်ဆုံးနေပြီး တစ်ဦးသေဆုံးခဲ့သည်ဟု ယွန်ဟတ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

၎င်းရေကြီးမှုကြောင့် တောင်ကိုရီးယားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တော် ဘူဆန်၌ လေးဦးသေဆုံးခဲ့သည်။ နှစ်ဦးမှာ ရေမြုပ်နေသော မြို့တွင်းမြေအောက် လမ်းပေါ် ကားမောင်းနှင်သွားစဉ် ရေနောက်မျောကာ သေဆုံးခဲ့ရခြင်း ဖြစ်သည်။ အင်ဂျင်နီယာတစ်ဦးမှာ ရေမြုပ်နေသော အဆောက်အအုံအတွင်း မြေအောက်လျှပ်စစ်ခါတ်အားလိုင်းများကို စစ်ဆေးမှု ပြုလုပ်နေစဉ် ပျောက်ဆုံးသွားခြင်း ဖြစ်သည်ဟု ယူဆရသည်။

၎င်းမိုးရွာသွန်းမှုကြောင့် ဘူဆန်ရှိ မီးရထားပြေးဆွဲမှုများကို အနှောင့်အယှက်ဖြစ်ရုံသာမက ချူကလီးယားစက်ရုံတစ်ရုံလည်း လုပ်ငန်းများရပ်ဆိုင်းခဲ့ရသည်။ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနအနေဖြင့် မိုးဆက်လက်ပိုလာနိုင်ကြောင်း ခန့်မှန်းခဲ့ကြသည်။ **(ဘီဘီစီ)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ဆီစားသုံးပြီး ကျန်းမာပျော်ရွှင်စွာနေထိုင်ခြင်း

သိပ္ပံစာရေးဆရာ
ကိုကိုအောင်

(၂၁)ရာစု၏ခေတ်အစားဆုံးသော လက်သုံးစကားများအနက် "ဆီလျှော့စားကြစို့" ဟူသော စကားသည် ကျန်းမာရေးလိုက်စားသည့် လူမှုအသိုင်းအဝိုင်းတွင် ထပ်ကာတလဲလဲ ကြားနေရသော သတိပေးနှိုးဆော်ချက်ဖြစ်သည်။

၁၉၈၄ခုနှစ်က အမေရိကန်ပြည်ထောင်စု၌ သွေးတွင်းအဆီဓာတ်များနေသော အစမ်းသပ်ခံ စေတနာ့ဝန်ထမ်း ၄၀၀၀ ကို ဆယ်စုနှစ် တစ်စုကြာအောင် သုတေသနပြုလုပ်ချက်အရ ခန္ဓာကိုယ်တွင်းလှည့်ပတ်နေသည့် သွေးအတွင်းရှိ အဆီတစ်မျိုးဖြစ်သော ကိုလက်စထရော (Cholesterol) ကို လျော့ကျသွားအောင် ပြုလုပ်ခြင်းဖြင့် နှလုံးရောဂါဖြစ်ပွားမှုနှုန်းကို လျှော့ချနိုင်ကြောင်း တိကျစွာဖော်ထုတ်နိုင်ခဲ့သည်။ အဆိုပါ သုတေသနပြုတွေ့ရှိချက်သည် သွေးထဲရှိ ကိုလက်စထရောကို လျှော့ချနိုင်ရေးအတွက် ဆီစားသုံးမှုကိုဆင်ခြင်ကြရန် တွန်းအားတစ်ရပ်ဖြစ်လာခဲ့သည်။

ကိုလက်စထရောကို အသားများစားသုံးခြင်းဖြင့် ရရှိနိုင်သလို အခြားသော အစားအစာများတွင် ပါဝင်နေသော ပြည့်ဝဆီများကို အသည်းက ပြုပြင်ထုတ်လုပ်ပေးလိုက်ခြင်းအားဖြင့်လည်းရရှိနိုင်သည်။ ကိုလက်စထရောကို လူ့ခန္ဓာကိုယ်က မရှိ မဖြစ်လိုအပ်သည်။ ဖို၊ မ ဟော်မုန်းဓာတ်များထုတ်လုပ်ခြင်း၊ နေရောင်ခြည်ကိုစုပ်ယူပြီး ဗီတာမင်ဒီအဖြစ် ပြောင်းလဲပေးခြင်း၊ အာရုံကြောမျှင်များကို အမြေးပါးများဖြင့် ရစ်ပတ်ဖုံးအုပ်ပေးထားခြင်း စသောလုပ်ငန်းစဉ်များတွင် ကိုလက်စထရောသည် အရေးကြီးသော အခြေခံပစ္စည်းတစ်ခုဖြစ်သည်။

ယေဘုယျအားဖြင့် လူတစ်ဦးအတွက် နေ့စဉ်ကိုလက်စထရော ၅၀၀ မီလီဂရမ်ခန့်လိုအပ်ပြီး ယင်းလိုအပ်ချက်ကို အစားအသောက်များက တစ်ဆင့် အလုံအလောက် မရရှိခဲ့လျှင် အသည်းကဖြည့်စွက်ထုတ်လုပ်ပေးသည်။ သို့ရာတွင် ကိုလက်စထရော ပါဝင်နေသော အစားအစာများဖြစ်သည့် အသား၊ အသည်း၊ ဝမ်းတွင်းကလီစာများ၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ ဥအနှစ်များ စသည်တို့ကို အလွန်အကျွံစားသုံးမိခြင်းကြောင့် ခန္ဓာကိုယ်တွင် လိုအပ်သည်ထက် ကိုလက်စထရောပမာဏက များပြားနေမည်ဆိုပါက နှလုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ စသော ရောဂါများ ဖြစ်ပွားလာနိုင်သည်။

သို့ဖြစ်၍ သွေးတွင်းအဆီဓာတ်ဖြစ်သော ကိုလက်စထရောပမာဏ အလွန်အကျွံမြင့်တက်မလာစေရေးအတွက် ဆီနှင့်တကွ အဆီဓာတ်ပါသော အစားအစာများကို ထိန်းထိန်းသိမ်းသိမ်းဖြင့် စားသုံးကြရန် သတိပေးနှိုးဆော်ချက်များ ထွက်ပေါ်လာရခြင်းဖြစ်သည်။ ထိုသို့သော သတိပေးနှိုးဆော်ချက်များကြောင့် ဆီနှင့် အဆီဓာတ်ပါသော အစားအသောက်များကို နှိုင်းနှိုင်းချိန်ချိန်ဖြင့် စားသုံးလာကြသူများ ရှိသလို ဆီနှင့် အဆီဓာတ်ပါသည့် အစားအသောက်များကို လုံးဝပစ်ပယ်ရှောင်ကြဉ်ကြသူများလည်း ရှိလာသည်။ ကြော်ချက်ထားသော ဟင်းများကိုပင် စားသောက်ခြင်းမပြုတော့ဘဲ ပြုတ်ထားသောဟင်းများနှင့် ပေါင်းထားသော ဟင်းများကိုသာ ရွေးချယ်စားသုံးလာကြသူများကိုလည်း တွေ့ရှိနေရသည်။

ဤတွင် အဆီဓာတ်သည် ခန္ဓာကိုယ်အတွက် မည်မျှအရေးကြီးသည်ကို ပြန်ပြောင်း၍ သတိတရရှိကြဖို့ လိုအပ်လာပြန်သည်။ လူတို့နေ့စဉ်စားသုံးနေသော အစားအသောက်များမှာ အများအပြားရှိသော်လည်း ယင်းတို့ကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် အဓိကအားဖြင့် သုံးမျိုးသာတွေ့ရှိရမည်ဖြစ်သည်။ ယင်းတို့မှာ ပရိုတိန်း၊ ကာဗိုဟိုက်ဒရိတ်နှင့်အဆီတို့ ဖြစ်ကြသည်။

ယင်းသုံးမျိုးထဲတွင် အဆီဓာတ်သည် ပရိုတိန်းနှင့် ကာဗိုဟိုက်ဒရိတ်တို့ထက် အာဟာရစွမ်းအင်ကို နှစ်ဆပေးနိုင်စွမ်းရှိသည်။ ပရိုတိန်းသို့မဟုတ် ကာဗိုဟိုက်ဒရိတ် တစ်ဂရမ်စားသုံးလျှင် အာဟာရစွမ်းအင် ၄ ဒသမ ၅ ကယ်လိုရီမျှသာ ရရှိနိုင်သော်လည်း ဆီတစ်ဂရမ်ကို စားသုံးခဲ့လျှင်မူ အာဟာရစွမ်းအင် ကိုးကယ်လိုရီအထိ ရရှိနိုင်သည်။ ဆီကိုတိုက်ရိုက်စားသုံးခြင်းအားဖြင့် အဆီဓာတ်ကို ရရှိနိုင်သလို အမဲသား၊ ဝက်သား၊ ဆိတ်သား၊ ကြက်သား၊ ဘဲသားစသော အသားများနှင့် ငါး၊ ပုစွန်၊ ကဏန်းစသော ရေထွက်ပစ္စည်းများကို စားသုံးခြင်းအားဖြင့်လည်း အဆီဓာတ်ကို ရရှိနိုင်သည်။ ဆီထွက်သီးနှံများ၊ ဆီထွက် အစေ့အဆန်များ၊ ဆီထွက်ဟင်းသီးဟင်းရွက်များကို စားသုံးခြင်းအားဖြင့်လည်း အဆီဓာတ်ကို ရရှိနိုင်သည်။

၁၉၁၂ ခုနှစ်က ပိုလန်လူမျိုး သိပ္ပံပညာရှင် ဒေါက်တာကာစီမီယာဖန့်က ဗီတာမင်ကို စတင်ဖော်ထုတ်တွေ့ရှိခဲ့ပြီးချိန်မှစ၍ ဆေးသိပ္ပံပညာရှင်များနှင့် ဓာတုဗေဒပညာရှင်တို့သည် ရာစုနှစ်တစ်စုအတွင်း ဗီတာမင်အမျိုးပေါင်း ၁၄ မျိုးကို တွေ့ရှိ ဖော်ထုတ်နိုင်ခဲ့ကြသည်။ ယင်းတို့အနက် ဗီတာမင်အေ၊ ဗီတာမင်ဒီ၊ ဗီတာမင်အီးနှင့် ဗီတာမင်ကေတို့သည် အဆီတွင် ပျော်ဝင်သော ဗီတာမင်များဖြစ်ကြပြီး ကျန်ဗီတာမင်များသည် ရေတွင်ပျော်ဝင်သော ဗီတာမင်များဖြစ်ကြသည်။

ဗီတာမင်အေသည် လူ့ခန္ဓာကိုယ်အတွင်းရှိ တစ်သျှူးများ ခြောက်မသွားအောင် အထောက်အကူပေးရုံမျှမက မျက်စိအမြင် အားကောင်းစေရန်အတွက် အဓိကအထောက်အပံ့ပေးသည်။ ဗီတာမင်ဒီကမူ သွေးထဲ၌ ကယ်လစီယမ်ဓာတ်ရရှိစေရန် အာရုံကြောနှင့် ကြွက်သားကလာပ်စည်းများ အားကောင်းစေရန်နှင့် ကလေးများအတွက် အရိုးပျော့ရောဂါကို ကာကွယ်ပေးရန် အထောက်အကူပြုသည်။

အလားတူပင် ဗီတာမင်အီးကလည်း အစွမ်းထက်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းဖြစ်ပြီး အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးနိုင်စွမ်းရှိသည်။ ထို့အတူပင် ဗီတာမင်ကေကလည်း ထိခိုက်ဒဏ်ရာရသည့်အခါ ခန္ဓာကိုယ်သွေးခဲမှု နှေးကွေးခြင်းမှကောင်းစွာ ကာကွယ်ပေးပြီး သွေးထွက်မလွန်အောင် အဓိကအားဖြင့် အထောက်အကူပြုပေးသည်။

ယင်းကဲ့သို့သော လူ့ခန္ဓာကိုယ်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ဗီတာမင်လေးမျိုးကို ရရှိနိုင်ရန် လုပ်ဆောင်ပေးနိုင်သော အဓိကအရာမှာ ဆီနှင့်အဆီဓာတ်ပါသော အစားအစာများပင်ဖြစ်သည်။ ဆီသို့မဟုတ် အဆီဓာတ်ပါသော အစားအစာများကို စားသုံးခြင်းမပြုမိပါက သို့တည်းမဟုတ် လုံးဝရှောင်ကြဉ်ခဲ့မည်ဆိုပါက အဆီတွင် ပျော်ဝင်ပြီးမှ ရရှိနိုင်သော အဆိုပါ ဗီတာမင်လေးမျိုးကို လူ့ခန္ဓာကိုယ်က လက်ခံရရှိနိုင်တော့မည် မဟုတ်ပေ။

ဆီနှင့်အဆီဓာတ်ပါသော အစားအစာများကို စားသုံးခြင်းအားဖြင့် အအေးဒဏ်ကိုလည်း ကောင်းစွာခံနိုင်စွမ်းရှိသည်။ အပူဓာတ် စီးကူးမှု အလွန်ညံ့ဖျင်းသော ပစ္စည်းများထဲတွင် ဆီနှင့်အဆီတို့သည် ထိပ်ဆုံးက ပါဝင်နေ

> **ဆီနှင့် အဆီဓာတ်တို့သည် လူ့ခန္ဓာကိုယ်အတွက် အရေးကြီးသော သက်စောင့်ပစ္စည်းများ ဖြစ်သည့်အတွက် သင့်တင့်မျှတစွာ စားသုံးသွားကြရမည်သာ ဖြစ်သည်။ ဆီကို အတိုင်းအဆမဲ့စွာဖြင့် လွန်ကဲစွာ စားသုံးခြင်းသည်သာလျှင် ကျန်းမာရေးအတွက် ဆိုးကျိုးများကို ဖြစ်ပေါ်လာစေနိုင်....**

သည့်အတွက် ဆီကို ပုံမှန်စားသုံးနေသူသည် ဆီလုံးဝမစားသူထက် အအေးဒဏ်ကို ပိုမိုခံနိုင်ရည်ရှိသည်။ ဝင်ရိုးစွန်းဒေသတွင် နေထိုင်ကြသော အက်စကီးမိုးလူမျိုးတို့သည် ခိုက်ခိုက်တုန်အောင် အေးမြလှသော ရာသီဥတုဒဏ်မှ ကာကွယ်နိုင်ရန်အတွက် ခန္ဓာကိုယ်တစ်ခုလုံးကို ဝေလငါးမှ ထုတ်ယူထားသော အဆီများဖြင့် လိမ်းကျံထားကြရသည်။ ဤသည်မှာကား အအေးဒဏ်ကို ကောင်းစွာ ကာကွယ်နိုင်သော ဆီ၏အစွမ်းသတ္တိပင်ဖြစ်သည်။

ဆီနှင့် အဆီဓာတ်ပါဝင်သော အစားအစာများကိုစားသောက်ပြီးသည့်အခါ ခန္ဓာကိုယ်တွင်းရှိ အစာချက်လုပ်ငန်းစဉ်ကြောင့် အာဟာရစွမ်းအင်ဖြစ်သော ကယ်လိုရီနှင့်အတူ ရေတို့ပါထွက်ရှိလာသည်။ တစ်နည်းဆိုရသော် ဆီနှင့်အဆီဓာတ်ပါဝင်သော အစားအစာများကို စားသုံးခြင်းသည် ခန္ဓာကိုယ်အတွက် မရှိမဖြစ် လိုအပ်သော ရေဓာတ်ကိုပါ တစ်ပါတည်းရရှိစေသည်။

ထို့ပြင်ခန္ဓာကိုယ်က စားသုံးလိုက်သော အဆီဓာတ်သည် ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်များအား ပူးကပ်ဝန်းရံထားသော အမြှေးပါးများကို ကြံ့ခိုင်စေသည်။ ထိုအမြှေးပါးများကြံ့ခိုင်တောင့်တင်းမှုရှိနေမှသာလျှင် ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများ ကျန်းမာကြံ့ခိုင်မှုနှင့် ပြည့်စုံမည်ဖြစ်သည်။ ထို့အတူပင် လူတစ်ဦး၏ စဉ်းစားတွေးခေါ်လှုပ်ရှားဆောင်ရွက်မှုကို အဓိကထိန်းချုပ်ထားသည့် ဦးနှောက်ဆဲလ်များသည်လည်း ပုံမှန်လုပ်ငန်းများကိုထမ်းဆောင်နိုင်ရန် အဆီဓာတ်ကို လိုအပ်သည်။ အာရုံကြောများ အစဉ်ရှင်သန်နိုးကြားစေရန်အတွက်လည်း အဆီဓာတ်ကပင် ကောင်းစွာ အထောက်အကူပြုပေးလျက်ရှိသည်။

လူ့ခန္ဓာကိုယ်၏ အသားအရေစိုပြည်ဝင်းပရေး အတွက်ကိုလည်း အဆီဓာတ်က ထောက်ပံ့ကူညီပေးနိုင်သည်။ ဆီနှင့် အဆီဓာတ်ပါသော အစားအစာများကို စားသုံးမှုမရှိပါက အသားအရေခြောက်ခန်းခြင်း၊ အရေပြားယားယံခြင်း စသည်တို့ကို ခံစားရမည်ဖြစ်သလို ရောဂါပိုးမွှားများကိုလည်း လွယ်လင့်တကူ ဝင်ရောက်ခွင့် ရရှိစေမည်ဖြစ်သည်။ ဆီနှင့် အဆီဓာတ်တို့ကို ပုံမှန်စားသုံးမည်ဆိုပါက စိုပြည်ချောမွေ့သော အသားအရေမျိုးကို ပိုင်ဆိုင်ခွင့်ရရှိမည်ဖြစ်သည်။

ဆီနှင့် အဆီဓာတ်ပါသော အစားအစာများကို လိုအပ်သည်ထက် ပိုမိုစားသုံးမိသည့်အခါ ပိုလျှံနေသော အဆီအချို့ကို ခန္ဓာကိုယ်က အရန်ရိက္ခာအဖြစ် သိုလှောင်ပေးထားနိုင်သည်။ အကြောင်းအမျိုးမျိုးကြောင့် အစာမစားရသည့်အခါ သို့တည်းမဟုတ် ဝတ်မွတ်ခေါင်းပါးမှုဘေးဆိုက်ရောက်သည့်အခါမျိုး၌ ခန္ဓာကိုယ်တွင်းအင်္ဂါများ ဆက်လက်ရှင်သန်လှုပ်ရှားနိုင်ရေးအတွက် သိုလှောင်ထားသော အဆီများက ပြန်လည်ထောက်ပံ့ပေးခြင်းဖြင့် ရုတ်တရက် အစာငတ်၍ သေဆုံးခြင်းမဖြစ်ရအောင် လုပ်ဆောင်ပေးသည်။

လူတို့၏ ခန္ဓာကိုယ်သည် ဆီနှင့်အဆီဓာတ်ပါသော အစားအစာတို့ကို စားသောက်ခြင်းအားဖြင့်လည်း အဆီကိုရရှိနိုင်သလို ဆန်နှင့် ဂျုံကဲ့သို့သော ကာဗိုဟိုက်ဒရိတ်ကို အများအပြား စားသုံးခဲ့လျှင်လည်း လိုအပ်သည်ထက် ပိုမိုလာသော ကာဗိုဟိုက်ဒရိတ်များကို အဆီအဖြစ် ပြောင်းလဲ၍ သိုလှောင်ပေးထားနိုင်စွမ်းရှိသည်။

သို့ရာတွင် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ဖက်တီးအက်ဆစ်ကိုမူ ဆီနှင့်အဆီဓာတ်ပါသော အစားအစာများကို တိုက်ရိုက်စားသုံးခြင်းဖြင့်သာ ရရှိနိုင်သည်။ ကျန်းမာရေးလောကတွင် လူပြောများနေသော Omega-3 နှင့် Omega-6 တို့သည် လူ့ခန္ဓာကိုယ်အတွက် အရေးကြီးသော မရှိမဖြစ် ဖက်တီးအက်ဆစ်အချို့ဖြစ်ကြသည်။ Omega-3 လုံလောက်မှု မရှိပါက ဦးနှောက်နှင့် ဇဟိုနာဗ်ကြောတို့၏ ပုံမှန်လုပ်ဆောင်ချက်များကို ထိခိုက်စေနိုင်သည်။ Omega-3ကို အလုံအလောက်ရရှိပါက နှလုံးကို ကျန်းမာသန်စွမ်းစေခြင်း ၊အဆစ်အမျက်ရောင်ရမ်းနာကျင်မှုကို သက်သာစေခြင်း၊ အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုကို တားဆီးပေးနိုင်ခြင်း စသော ကောင်းကျိုးများကို ရရှိစေနိုင်သည်။ ပုစွန်၊ တူနာငါး၊ ဆော်လမွန်ငါး၊ ငါးကြင်း၊ ငါးမြင်းစသည်တို့ကို စားသုံးခြင်းအားဖြင့် Omega-3ကို ရရှိနိုင်သလို ဟင်းသီးဟင်းရွက်ဆီ၊ ပဲပုပ်စေ့ဆီ၊ နှမ်းဆီစသည်တို့နှင့်တကွ အခွံမာသီးများ၏ အစေ့အဆန်များကို စားသုံးခြင်းအားဖြင့်လည်း Omega-3 ကို ရရှိနိုင်သည်။

လူ့ခန္ဓာကိုယ်အတွက် မရှိမဖြစ် လိုအပ်သော ဖက်တီးအက်ဆစ်များသည် ခန္ဓာကိုယ်အတွင်း၌ ဇီဝကမ္မဖြစ်စဉ်ကြီး စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေးအတွက် လိုအပ်သော ဟော်မုန်းဓာတ်များကို ထုတ်လုပ်ပေးသလို အဆိုပါ ဟော်မုန်းဓာတ်များကြောင့်လည်း သွေးတွင်းအဆီဓာတ်များကို လျှော့ချပေးနိုင်ပြီး သွေးလှည့်ပတ်မှုနှင့် သွေးဖိအားတို့ကို ကောင်းမွန်မျှတစေသည်။

ဤသည်တို့ကို ထောက်ရှုခြင်းအားဖြင့် လူတို့၏ အသက်ရှင်ရပ်တည်ရေးအတွက် ဆီနှင့်တကွ အဆီဓာတ်ပါသော အစားအစာများကို ပစ်ပယ်ထား၍ မရနိုင်ကြောင်း သိရှိနိုင်သည်။ ဆီနှင့် အဆီဓာတ်တို့သည် လူ့ခန္ဓာကိုယ်အတွက် အရေးကြီးသော သက်စောင့်ပစ္စည်းများ ဖြစ်သည့်အတွက် သင့်တင့်မျှတစွာ စားသုံးသွားကြရမည်သာ ဖြစ်သည်။ ဆီကို အတိုင်းအဆမဲ့စွာဖြင့် လွန်ကဲစွာ စားသုံးခြင်းသည်သာလျှင် ကျန်းမာရေးအတွက် ဆိုးကျိုးများကို ဖြစ်ပေါ်လာစေနိုင်သည်။

ကမ္ဘာပေါ်ရှိ ဒေသအသီးသီး၌ နေထိုင်လျက်ရှိကြသော လူမျိုးအသီးသီးတို့သည် စားသောက်နေထိုင်မှုပုံစံများ အမျိုးမျိုး ကွဲပြားခြားနားလျက်ရှိနေကြသည်။ အမေရိကန်နှင့် ဥရောပတိုက်သားတို့သည် ဆီနှင့် အဆီဓာတ်ပါဝင်သော အစားအစာများကို နှစ်ခြိုက် ခုံမင်စွာဖြင့် အများအပြား စားသုံးလေ့ရှိကြသော်လည်း ဂျပန်လူမျိုးတို့၏ ဟင်းလျာများ၌မူ ဆီပါဝင်မှု ပမာဏ အလွန့်အလွန် နည်းပါးကြောင်း တွေ့ရှိနိုင်သည်။ ထို့ကြောင့်ပင်လျှင် အမေရိကန်နှင့် ဥရောပတိုက်သား အများစုတို့သည် အဝလွန်ခြင်းနှင့် သွေးတိုး၊ ဆီးချို၊ နှလုံးစသော ရောဂါဝေဒနာများကို ခံစားနေကြရခြင်းဖြစ်သည်။

ထို့အတူပင် မြန်မာလူမျိုးတို့၏ အိမ်ထောင်စု တစ်စုက တစ်လလျှင် ပျမ်းမျှအားဖြင့် ဆီ နှစ်ပိဿာခန့် သုံးစွဲနေကြချိန်တွင် ဂျပန်လူမျိုးတို့၏ အိမ်ထောင်စုတစ်စုက တစ်နှစ်ပတ်လုံးအတွက် ဆီ ၆၅ ကျပ်သားခန့်သာ သုံးစွဲလျက် ရှိနေကြသည်။ ဆီကို စနစ်တကျဖြင့် မျှတစွာ စားသုံးလေ့ရှိကြခြင်း၏ လက္ခဏာအဖြစ် ဂျပန်လူမျိုးမှန်လျှင် လူငယ်လူရွယ်များမှ စ၍ သက်ကြီးရွယ်အိုများအထိ တို့သည် အဝလွန်ခြင်း မရှိကြဘဲ ခန္ဓာကိုယ် ကျစ်လျစ်ပြီး ကျန်းမာကြံ့ခိုင်ကြသူများ ဖြစ်ကြောင်း တွေ့ရှိနိုင်သည်။

**"ဆီကို ရေချိုး၊ ဆေးရိုးမီးလှို့၊ စပါးတောင်လိုပုံ"** ဟူသော ရှေးမြန်မာတို့ ၏ ဆိုရိုးစကားမှာ ဆန်ရေစပါး ပေါများမှုကို ရည်ညွှန်းခြင်းသာဖြစ်ပြီး ဆီ ကိုအလျှံပယ် စားသုံးရမည်ဟု ဆိုလိုခဲ့ခြင်း မဟုတ်ပေ။

ဆီနှင့် အဆီဓာတ်ပါသော အစားအစာများကို လွန်ကဲစွာ စားသုံးခြင်းသည် ရောဂါဘယများကို ထူပြောစေပြီး လူဖြစ်ရကျိုးမနပ်သော ဘဝမျိုးဖြင့်သာ ရှင်သန်နေထိုင်သွားကြရနိုင်သည်။ ဆီနှင့် အဆီဓာတ်ပါဝင်သော အစားအစာများကို လုံးဝစားသုံးခြင်းမပြုဘဲ ပစ်ပယ်ထားခြင်းမျိုးကလည်း ခန္ဓာကိုယ်၏ ဇီဝယန္တရား လည်ပတ်နေမှုကို တုံ့ဆိုင်းအားပျော့စေကာ ဖွံ့ဖြိုးကြီးထွားမှုနှင့် ဉာဏ်ရည်ထက်မြက်မှုတို့တွင် အများတကာထက် နောက်ကျကျန်နေခဲ့လိမ့်မည် ဖြစ်သည်။ ဆီကို သင့်တင့်မျှတစွာဖြင့် စနစ်တကျ စားသုံးခြင်းကမူ ကျန်းမာပျော်ရွှင်သော ဘဝကို ပိုင်ဆိုင်ရရှိစေလိမ့်မည် ဖြစ်ပေသည်။ ။

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

(၄၂)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း အမျိုးသား အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီက ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘော်လီဘော လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ရဲချုပ်တံခွန်စိုက်ဒိုင်း အမျိုးသား အမျိုးသမီး ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရာ အမျိုးသမီးဘော်လီဘော ဗိုလ်လုပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးဘော်လီဘောအသင်းက မကွေးတိုင်းဒေသကြီး အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားဗိုလ်လုပွဲစဉ်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ (က)အသင်းက ယာဉ်ထိန်းရဲတပ်ဖွဲ့ (ခ) အသင်းအား သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးအမျိုးသား အမျိုးသမီးပင့်ထောင်ဆု၊ ရိုက်ခုတ်ဆု၊ ပိတ်ဆို့ဆုရ အားကစားသမားများ၊ ပူးတွဲတတိယဆုရ အမျိုးသား အမျိုးသမီးအသင်းနှင့်ဒုတိယဆုရ အမျိုးသား အမျိုးသမီးအသင်းတို့အား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတို့က တစ်ဦးချင်းဆုများနှင့်ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ အမျိုးသမီးဘော်လီဘောအသင်းနှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့ (က)အမျိုးသား ဘော်လီဘောအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုကြီးများပေးအပ်ချီးမြှင့်သည်။ အခမ်းအနားသို့ ဒုတိယရဲချုပ် ရဲမှူးချုပ်သိန်းဦးနှင့်ရဲမှူးချုပ်များ၊ ရဲမှူးကြီးများ၊ တပ်ဖွဲ့ဝင်များနှင့်မိသားစုများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံကဏ္ဍ

# (၁၃) ကြိမ်မြောက် အာဆီယံ-တရုတ်စီးပွားရေးဝန်ကြီးများ အစည်းအဝေးကျင်းပ



(၁၃)ကြိမ်မြောက် အာဆီယံ-တရုတ် စီးပွားရေးဝန်ကြီးများ အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၆

**(၁၃)ကြိမ်မြောက် အာဆီယံ-တရုတ် စီးပွားရေးဝန်ကြီးများအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) မြခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ အာဆီယံနှင့် တရုတ်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

**သုံးသပ်ဆွေးနွေး**

အစည်းအဝေးတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာလက ဘရူနိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၌ ချမှတ်လမ်းညွှန်ခဲ့သည့် ကိစ္စရပ်များ၊ အာဆီယံ-တရုတ် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မူဘောင်သဘောတူညီချက် အကောင်အထည်ဖော်ရေး ဆောင်ရွက်မှုအခြေအနေ၊ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ် အကောင်အထည်ဖော်မှု တိုးတက်မှုအခြေအနေနှင့် သဘောတူစာချုပ်အား အဆင့်မြှင့်တင်ရေးဆိုင်ရာများ၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် (၁၇) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးကျင်းပရေး ပြင်ဆင်ဆောင်ရွက်မှုများ၊ အာဆီယံ-ဟောင်ကောင် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်ချုပ်ဆိုရေး ဆွေးနွေးညှိနှိုင်းမှုအခြေအနေများကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# အကြိမ် (၂၀)မြောက် အာဆီယံ-ဂျပန်စီးပွားရေးဝန်ကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

အကြိမ်(၂၀)မြောက် အာဆီယံ-ဂျပန်စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-I)မြခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အာဆီယံနှင့် ဂျပန်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာလ ဘရူနိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၆) ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးနှင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာတွင် ဂျပန်နိုင်ငံ၌ ကျင်းပခဲ့သည့် အကြိမ်(၄၀)မြောက် အထိမ်းအမှတ် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးတို့တွင် လမ်းညွှန်ခဲ့သည့် ကိစ္စရပ်များ၊ အာဆီယံ-ဂျပန် ၁၀နှစ်တာ မဟာဗျူဟာမြောက် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံအကောင်အထည်ဖော်မှု အခြေအနေ၊ အာဆီယံဆိုင်ရာ ဂျပန်နိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၏ ဆောင်ရွက်မှုနှင့် ရလဒ်များ၊ အာဆီယံ-ဂျပန်စီးပွားရေးနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေး ကော်မတီ (AMEICC) အောက်တွင် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေ၊ အာဆီယံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ပထမအကြိမ် အာဆီယံ-ဂျပန်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းကဏ္ဍသစ်များဆိုင်ရာ ဆွေးနွေးပွဲမှ အစီရင်ခံတင်ပြမှု၊ အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် အကောင်အထည်ဖော်မှု တိုးတက်မှုအခြေအနေ၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာတွင် (၁၇)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး ကျင်းပရေး ပြင်ဆင်ဆောင်ရွက်မှုများကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**




**အကြိမ်(၂၀) မြောက် အာဆီယံ-ဂျပန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံနှင့် ဂျပန်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

# (၁၁)ကြိမ်မြောက် အာဆီယံ-ကိုရီးယား စီးပွားရေးဝန်ကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

(၁၁)ကြိမ်မြောက် အာဆီယံ-ကိုရီးယား စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) မြခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အာဆီယံနှင့် ကိုရီးယားနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ အာဆီယံအတွင်းရေးမှူးချုပ်၊ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၃ ခုနှစ် အောက်တိုဘာလက ဘရူနိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၆) ကြိမ်မြောက် အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေးတွင် ချမှတ်လမ်းညွှန်ခဲ့သည့် ကိစ္စရပ်များ၊ အာဆီယံ-ကိုရီးယား ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မူဘောင်သဘောတူစာချုပ် အကောင်အထည်ဖော်မှု တိုးတက်မှုအခြေအနေ၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာတွင် (၁၇) ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေး ကျင်းပရေး ပြင်ဆင်ဆောင်ရွက်မှုများ၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာတွင် အာဆီယံ-ကိုရီးယားအထိမ်းအမှတ် ထိပ်သီး အစည်းအဝေးကျင်းပရေး ပြင်ဆင်ဆောင်ရွက်မှုများကို သုံးသပ်ဆွေးနွေးခဲ့ကြ သည်။ **(သတင်းစဉ်)**



(၁၁)ကြိမ်မြောက် အာဆီယံ-ကိုရီးယား စီးပွားရေးဝန်ကြီးများ အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

**(၁၇) ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ စီးပွားရေးဝန်ကြီးများ အစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)

# (၁၇)ကြိမ်မြောက် အာဆီယံနှင့်ဆွေးနွေးဖက်သုံးနိုင်ငံ စီးပွားရေးဝန်ကြီးများအစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၂၆**

(၁၇) ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) နီလာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်၊ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အရှေ့အာရှဒေသ စီးပွားရေးကောင်စီမှ တင်ပြမှုများ၊ (၁၆)ကြိမ်မြောက် အာဆီယံ+၃ စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် East Asia Vision Group II ၏ စီးပွားရေးမဏ္ဍိုင်နှင့်ပတ်သက်သည့် တင်ပြချက်များ၊ အာဆီယံ-တရုတ်၊ အာဆီယံ-ဂျပန်နှင့် အာဆီယံ-ကိုရီးယားဌာနများ တည်ထောင်မှုအခြေအနေ၊ ၂၀၁၃ ခုနှစ် အောက်တိုဘာတွင် ဘရူနိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၆) ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီး အစည်းအဝေးတွင် ချမှတ်လမ်းညွှန်ခဲ့သည့် ကိစ္စရပ်များ၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာတွင် (၁၇) ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေး ကျင်းပရေးပြင်ဆင်ဆောင်ရွက်မှုများကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကုန်သွယ်ရေး ညှိနှိုင်းမှုကော်မတီ အကြိုညှိနှိုင်းအစည်းအဝေး Preparatory Regional Comprehensive Economic Partnership (RCEP) TNC ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) မြခန်းမ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ ဆုရ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘွဲ့ကြိုအဆင့် စာစီစာကုံး၊ ကျပန်းစကားပြောနှင့် စကားဝိုင်းဆွေးနွေးပွဲ ပြိုင်ပွဲ သုံးခုပေါင်းတွင် ပထမဆုရ မစုပြည့်စုံအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

❖ ***ရှေ့ဖုံးမှ***

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက အကဲဖြတ်ဒိုင်များအား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ဘွဲ့လွန်အဆင့် စာစီစာကုံး၊ ကျပန်းစကားပြောနှင့် စကားဝိုင်းဆွေးနွေးပွဲပြိုင်ပွဲ သုံးခုပေါင်းတွင် တတိယဆုရ မောင်အာကာကျော်၊ စာစီစာကုံးပြိုင်ပွဲ တတိယဆုရ မမြတ်သူဇာ၊ ကျပန်းစကားပြောပြိုင်ပွဲတတိယဆုရ မောင်အာကာကျော်၊ စကားဝိုင်းဆွေးနွေးပွဲ တတိယဆုရ မောင်ဉက္ကာဇံနှင့်အဖွဲ့တို့အား လည်းကောင်း၊ ဘွဲ့ကြိုအဆင့် စာစီစာကုံး၊ ကျပန်းစကားပြောနှင့် စကားဝိုင်းဆွေးနွေးပွဲပြိုင်ပွဲ သုံးခုပေါင်းတွင် တတိယဆုရ မအေးချယ်ရီထွန်း၊ စာစီစာကုံးပြိုင်ပွဲ တတိယဆုရ မစုပြည့်စုံ၊ ကျပန်းစကားပြောပြိုင်ပွဲ တတိယဆုရ မောင်လာလ်ရွှေလျန်၊ စကားဝိုင်းဆွေးနွေးပွဲပြိုင်ပွဲ တတိယဆုရ မမေမိုးပွင့်ဖြူနှင့်အဖွဲ့တို့အား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဘွဲ့လွန်အဆင့် စာစီစာကုံး၊ ကျပန်းစကားပြောနှင့် စကားဝိုင်းဆွေးနွေးပွဲ ပြိုင်ပွဲ သုံးခုပေါင်းတွင် ဒုတိယဆုရ မောင်ငွန်လျန်ဆန်း၊ စာစီစာကုံးပြိုင်ပွဲ ဒုတိယဆုရ မောင်အွမ်ဆွင်းခိုင်၊ ကျပန်းစကားပြောပြိုင်ပွဲ ဒုတိယဆုရ မောင်ညီညီထွေး၊ စကားဝိုင်းဆွေးနွေးပွဲ ဒုတိယဆုရ မောင်အာကာကျော်နှင့်အဖွဲ့တို့အား လည်းကောင်း၊ ဘွဲ့ကြိုအဆင့် စာစီစာကုံး၊ ကျပန်းစကားပြောနှင့် စကားဝိုင်းဆွေးနွေးပွဲပြိုင်ပွဲ သုံးခုပေါင်းတွင် ဒုတိယဆုရ မအဲမွန်စီ၊ စာစီစာကုံးပြိုင်ပွဲ ဒုတိယဆုရ မရဲရင့်၊ ကျပန်းစကားပြောပြိုင်ပွဲ ဒုတိယဆုရ မအေးချယ်ရီထွန်း၊ စကားဝိုင်းဆွေးနွေးပွဲပြိုင်ပွဲ ဒုတိယဆုရ မောင်လင်းကိုကိုနှင့် အဖွဲ့တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ ဘွဲ့လွန်အဆင့် စာစီစာကုံး၊ ကျပန်းစကားပြောနှင့် စကားဝိုင်းဆွေးနွေးပွဲပြိုင်ပွဲ သုံးခုပေါင်းတွင် တတိယဆုရ မောင်အာကာကျော်အား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဘွဲ့လွန်အဆင့် စာစီစာကုံး၊ ကျပန်းစကားပြောနှင့် စကားဝိုင်းဆွေးနွေးပွဲပြိုင်ပွဲ သုံးခုပေါင်းတွင် ပထမဆုရ မောင်ညီညီထွေး၊ စာစီစာကုံးပြိုင်ပွဲပထမဆုရ မခင်ဝင့်ဝါထွန်း၊ ကျပန်းစကားပြောပြိုင်ပွဲ ပထမဆုရ မောင်ငွန်လျန်ဆန်း၊ စကားဝိုင်းဆွေးနွေးပွဲ ပထမဆုရ မောင်ညီညီထွေးနှင့်အဖွဲ့တို့အားလည်းကောင်း၊ ဘွဲ့ကြိုအဆင့် စာစီစာကုံး၊ ကျပန်းစကားပြောနှင့်စကားဝိုင်းဆွေးနွေးပွဲပြိုင်ပွဲ သုံးခုပေါင်းတွင် ပထမဆုရ မစုပြည့်စုံ၊ စာစီစာကုံးပြိုင်ပွဲ ပထမဆုရ မောင်ကျော်မျိုးဝင်း၊ ကျပန်းစကားပြောပြိုင်ပွဲ ပထမဆုရ မစုပြည့်စုံ၊ စကားဝိုင်းဆွေးနွေးပွဲပြိုင်ပွဲ ပထမဆုရ မောင်ခင်ဦးနှင့် အဖွဲ့တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့်စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘွဲ့လွန်အဆင့် စာစီစာကုံး၊ ကျပန်းစကားပြောနှင့် စကားဝိုင်းဆွေးနွေးပွဲပြိုင်ပွဲ သုံးခုပေါင်းတွင် ဒုတိယဆုရ မောင်ငွန်လျန်ဆန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

ယနေ့ကျင်းပသည့် အမျိုးသားအဆင့် အင်္ဂလိပ်ဘာသာစကား စွမ်းရည်ပြိုင်ပွဲ၏ စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲပြိုင်ပွဲများသို့ ဘွဲ့ကြိုအဆင့်ပြိုင်ပွဲဝင် ၂၄ ဦးနှင့် ဘွဲ့လွန်အဆင့် ပြိုင်ပွဲဝင် ၁၆ ဦး စုစုပေါင်း ၄၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဝင်များသည် တက္ကသိုလ်အဆင့်နှင့် အဆင့်မြင့်ပညာဦးစီးဌာန အဆင့်များတွင် ဆုရရှိပြီး အမျိုးသားအဆင့်ကို ဝင်ရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။ ပြိုင်ပွဲတွင် ပြောကြားရသည့် ခေါင်းစဉ်များသည် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား ကြိုတင်အသိပေးထားခြင်းမရှိသော ခေါင်းစဉ်များဖြစ်သည်။ ယခုပြိုင်ပွဲတွင် ဗြိတိသျှကောင်စီမှ အကဲဖြတ်ဒိုင်လေးဦးနှင့် Edulink Australia မှ အကဲဖြတ်ဒိုင်တစ်ဦးတို့က အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

အမျိုးသားအဆင့် အင်္ဂလိပ်ဘာသာစကား စွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ငွေကျပ်ငါးသိန်း၊ ဒုတိယဆုရရှိသူများအား ငွေကျပ်သုံးသိန်းခွဲ၊ တတိယဆုရရှိသူများအား ငွေကျပ်နှစ်သိန်းစီ ချီးမြှင့်ပေးအပ်ခဲ့ပြီး အဆိုပါချီးမြှင့်ငွေများကို နိုင်ငံတော်သမ္မတ၏ ပညာထူးချွန်သူများဆုချီးမြှင့်ရေး ရန်ပုံငွေနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




**အဆင့်မြင့်ပညာကဏ္ဍ အမျိုးသားအဆင့် အင်္ဂလိပ်ဘာသာစကားစွမ်းရည် ပြိုင်ပွဲဆုပေးပွဲအခမ်းအနားတွင် လီဆူးအကအဖွဲ့ သီဆိုကပြစဉ်။** (သတင်းစဉ်)

❐ *ကျောဖုံးမှ*

အကြိမ်(၂၀)မြောက် အာဆီယံ-ဂျပန် စီးပွားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက်တွင် ၂၀၁၃ ခုနှစ်အတွင်း ဂျပန်နိုင်ငံမှ အာဆီယံနိုင်ငံများသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၉ ဘီလီယံရှိကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၁၈ ဒသမ ၇ ရှိခဲ့ပြီး အာဆီယံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏ ဒုတိယအများဆုံးဖြစ်ကြောင်း။

အာဆီယံစီးပွားရေးဝန်ကြီးများသည် ဂျပန်နိုင်ငံစက်မှုလက်မှုအသင်းချုပ်၏ ဒေသတွင်းအရေးပါသည့် စီးပွားရေးမြင့်တက်စေမည့် တောင်းဆိုမှု၊ အာဆီယံအဆင့်မြင့်အဝေးပြေးလမ်းမကြီးတည်ဆောက်မှု၊ နယ်စပ်ဖြတ်ကျော် အထူးစီးပွားရေးဇုန် တည်ဆောက်မှု၊ လုံခြုံစိတ်ချရသော စွမ်းအင်ထောက်ပံ့မှု၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးမှုနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုတို့ကို အသိအမှတ်ပြုကြောင်း၊ အာဆီယံဝန်ကြီးများသည် ကျယ်ပြန့်လေးနက်သည့် ကုန်စည်ကုန်သွယ်မှု၊ ဝန်ဆောင်မှုကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုအပါအဝင် နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်ကို အတည်ပြုခဲ့ကြောင်း၊ အာဆီယံစီးပွားရေးဝန်ကြီးများသည် ကုန်စည်ခွန်များ ဖြေလျှော့ရေးအစီအစဉ်များကို ဟန်ချက်ညီစနစ်အဖြစ် ပြောင်းလဲရန် လမ်းညွှန်ချက်များကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်နိုင်ရန် ဆွေးနွေးခဲ့ကြကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

(၁၁)ကြိမ်မြောက် အာဆီယံ-ကိုရီးယား စီးပွားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက်တွင် ကိုရီးယားနိုင်ငံမှ အာဆီယံသို့ တင်ပို့မှုသည် ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၂ ဘီလီယံအထိရှိကြောင်း၊ အာဆီယံမှ ကိုရီးယားသို့ တင်ပို့မှုသည် လေးရာခိုင်နှုန်းကျဆင်းလာကာ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၈ ဘီလီယံအထိသာရှိကြောင်း၊ ကိုရီးယားမှ အာဆီယံသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံမှ ၂၀၁၃ ခုနှစ်တွင် ၃ ဒသမ ၅ ဘီလီယံအထိ နှစ်ဆမြင့်တက်လာခဲ့ပြီး ကိုရီးယားသည် အာဆီယံ၏ ပဉ္စမအကြီးမားဆုံး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

(၁၇)ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက်တွင် ၂၀၁၃ ခုနှစ်အတွင်း မဟာမိတ်သုံးနိုင်ငံနှင့် အာဆီယံ စုစုပေါင်းကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၇၂၆ ဒသမ ၄ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၂၈ ဒသမ ၉ ရှိခဲ့ကြောင်း၊ ထို့အတူ အာဆီယံသည် မဟာမိတ်နိုင်ငံများမှ သွင်းကုန် ပမာဏမှာ ၂ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ အာဆီယံ၏ မဟာမိတ်နိုင်ငံများသို့ သွင်းကုန်ပမာဏသည် ၁ ဒသမ ၅ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ကြောင်း၊ အာဆီယံမှ မိတ်ဖက်နိုင်ငံများသို့ စုစုပေါင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံစီးဆင်းမှုသည် အမေရိကန်ဒေါ်လာ ၅၆ ဘီလီယံသို့ ရောက်ရှိခဲ့ကြောင်း၊ ထို့ကြောင့် ယခင်နှစ်ထက် ၉ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

(၁၉)ကြိမ်မြောက် အာဆီယံ-ဩစတြေးလျနှင့် နယူးဇီလန် စီးပွားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက်တွင် အာဆီယံ-ဩစတြေးလျ-နယူးဇီလန် ကုန်သွယ်မှုကင်းလွတ်ခွင့်ဒေသ သဘောတူစာချုပ်ကို ပြင်ဆင်သည့် အခြေပြစာချုပ်ငယ် လက်မှတ်ရေးထိုးမှုကို အာဆီယံစီးပွားရေးဝန်ကြီးများ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ပထမဆုံး စာချုပ်ငယ်သည် အာဆီယံ-ဩစတြေးလျ-နယူးဇီလန် ကုန်သွယ်မှုကင်းလွတ်ခွင့်ဒေသကို ပို၍ စီးပွားရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ ထင်သာမြင်သာရှိမှုနှင့် အကျိုးရှိရှိ စီမံခန့်ခွဲနိုင်မှုတို့ကို ပြုလုပ်ရန်ရည်ရွယ်ကြောင်း၊ စီးပွားရေးဝန်ကြီးများသည် လွတ်လပ်သော ကုန်သွယ်မှုဒေသ ပူးတွဲကော်မတီ၏ ၂၀၁၅ အလွန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်နှင့် ပိုမိုပူးပေါင်းဆောင်ရွက်မှုကို ဦးတည်သည့် စီမံကိန်းများကိုအနီးကပ်စောင့်ကြည့်မှုကို မျှော်လင့်ကြောင်း၊ ထို့အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာလုပ်ကိုင်နိုင်ရန် ခြေလှမ်းသစ်တစ်ရပ်ကို ဖော်ဆောင်နိုင်ရန် မျှော်မှန်းကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား "ဝ" အထူးဒေသ(၂)၊ SSPP/ SSA နှင့် မိုင်းလားအထူးဒေသ(၄)တို့မှ ကိုယ်စားလှယ်အဖွဲ့များ လာရောက်တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား "ဝ" အထူးဒေသ(၂)မှ ဗဟိုကော်မတီဝင် ဦးကျောက်ကော်အန်း၊ SSPP /SSA မှ ဒုတိယဥက္ကဋ္ဌ စဝ်ခေးတိုင်းနှင့် မိုင်းလားအထူးဒေသ(၄)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ အမျိုးသားလွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**အာဆီယံ ၁၀ နိုင်ငံ ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့ အကြား စီးပွားရေးဆိုင်ရာ အခြေပြု စာချုပ်များ ပူးတွဲလက်မှတ် ရေးထိုးပွဲ အခမ်းအနားကျင်းပစဉ်။**
(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တရုတ်၊ နယူးဇီလန်၊ ဂျပန်နှင့် ဩစတြေးလျနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများနှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၆**

(၄၆)ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေး ဥက္ကဋ္ဌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Mr. GAOHUCHENG နှင့် Royal ACE ဟိုတယ်၌လည်းကောင်း၊ နယူးဇီလန်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Tingraser၊ ဂျပန်နိုင်ငံ စီးပွားရေးဝန်ကြီး H.E. Toshimitsu Motegi နှင့် ဩစတြေးလျနိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီး H.E. Mr. Andrew Robb AO MP တို့နှင့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ လည်းကောင်း သီးခြားစီတွေ့ဆုံပြီး စီးပွားရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# အာဆီယံစီးပွားရေးဆိုင်ရာ အခြေပြုစာချုပ်များ ပူးတွဲလက်မှတ်ရေးထိုးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

အာဆီယံ ၁၀ နိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့ အကြား စီးပွားရေးဆိုင်ရာ အခြေပြုစာချုပ်များ ပူးတွဲလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အာဆီယံနိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီ ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အာဆီယံ ၁၀ နိုင်ငံအကြား အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့်အခြေပြုစာချုပ်နှင့် အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ပြင်ဆင်သည့် ပထမ အခြေပြုစာချုပ်တို့ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာနှင့် တူရကီနိုင်ငံတို့အကြား လေကြောင်းပို့ဆောင်ရေးညှိနှိုင်း

**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာနှင့် တူရကီနိုင်ငံတို့အကြား နှစ်နိုင်ငံလေကြောင်း သဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၂ ရက်က ရန်ကုန်မြို့ရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၌ ကျင်းပသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ကို ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းနှင့် တူရကီကိုယ်စားလှယ်အဖွဲ့ကို တူရကီနိုင်ငံ ပို့ဆောင်ရေး၊ ပင်လယ်ရေကြောင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြို့ပြလေကြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Bahri KESICI တို့က ဦးဆောင်ခဲ့သည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့များ အနေဖြင့် လေကြောင်းသဘောတူ စာချုပ်မူကြမ်းတစ်ရပ်ကို ညှိနှိုင်းရေးဆွဲသဘောတူခဲ့ပြီး ယင်းစာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ရေး ဆက်လက် ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။ ထို့အပြင် နှစ်နိုင်ငံမှ သတ်မှတ်လေကြောင်းလိုင်းများအတွက် ခရီးစဉ်များ၊ ခရီးသည်နှင့် ကုန်စည်သယ်ဆောင်ခွင့်နှင့် ပျံသန်းခွင့်များအပေါ်တွင်လည်း သဘောတူညီခဲ့ကြကြောင်း သိရသည်။ **လေကြောင်းဦးစီး**

# (၁၉)ကြိမ်မြောက် အာဆီယံ-ဩစတြေးလျနှင့် နယူးဇီလန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

(၁၉)ကြိမ်မြောက် အာဆီယံ-ဩစတြေးလျနှင့် နယူးဇီလန်စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) နီလာခန်းမ၌ ကျင်းပသည်။ **(အောက်ယာပုံ)**

အစည်းအဝေးသို့ အာဆီယံ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်၊ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံ-ဩစတြေးလျနှင့် နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှု တိုးတက်မှုအခြေအနေ၊ သဘောတူစာချုပ်ကို ပြင်ဆင်သည့် အခြေပြုစာချုပ်ငယ်ကို လက်မှတ်ရေးထိုး အကောင်အထည်ဖော်မည့် အစီအစဉ်များ၊ စာချုပ်ဝင် နိုင်ငံအားလုံးတို့၏ အကောက်ခွန်လျှော့ချမည့် အစီအစဉ်များ၊ အာဆီယံ-ဩစတြေးလျနှင့် နယူးဇီလန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် ပံ့ပိုးကူညီမည့် အစီအစဉ်အရ ဆောင်ရွက်မှုများ၊ ၂၀၁၄ ခုနှစ် မေလက နယူးဇီလန်နိုင်ငံ၌ ပြုလုပ်ခဲ့သည့် အာဆီယံ-ဩစတြေးလျနှင့် နယူးဇီလန် ပေါင်းစည်းရေးမိတ်ဖက်ပြုမှုဖိုရမ်မှ ရလဒ်များကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



ပြည်တွင်းသတင်း

# ပထမအကြိမ် အာဆီယံ-ဂျပန်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းကဏ္ဍသစ်များဆိုင်ရာ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၆**

ပထမအကြိမ် အာဆီယံ-ဂျပန်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းကဏ္ဍသစ်များဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ Hotel Royal Ace ရာမညခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော် **(ယာပုံ)**နှင့် ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာတိုရှီမစ်စုမိုတီဂီတို့က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အာဆီယံလုပ်ငန်းကဏ္ဍသစ်များဖြစ်သည့် အစိမ်းရောင်စီးပွားရေး လုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ၊ ဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများနှင့် မီဒီယာလုပ်ငန်းများဆိုင်ရာစာတမ်းများကို ဂျပန်စီးပွားရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဖတ်ကြားတင်ပြကြပြီး ဗန်ကောက်အခြေစိုက် JETRO မှ Mr.Masayasu Hosumi ၊ အာဆီယံ-ဂျပန်စီးပွားရေးကောင်စီမှ ဌာနေကိုယ်စားလှယ် Mr.Akio Mimura နှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ပြန်လည်သုံးသပ်ပြောကြားခဲ့သည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၄ တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့သည့် (၄၀) ကြိမ်မြောက် အာဆီယံ-ဂျပန် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူနေမှုအဆင့်အတန်းမြှင့်တင်ရေးအတွက် စီးပွားရေးလုပ်ငန်းသစ်များဖော်ဆောင်ရန်နှင့် ဒေသအတွင်း စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဂျပန်နှင့် အာဆီယံနိုင်ငံခေါင်းဆောင်များကကတိပြုခဲ့ကြသည်။

ယနေ့ဆွေးနွေးပွဲသည် အဆိုပါသဘောတူညီချက်အရ အာဆီယံ-ဂျပန်လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများသည် မြန်မာနိုင်ငံ နေပြည်တော်၌ တွေ့ဆုံ၍ ပတ်ဝန်းကျင်၊ စွမ်းအင်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဒေသတစ်ခုနှင့် တစ်ခု ပူးပေါင်းဆောင်ရွက်မှု၊ မီဒီယာဆိုင်ရာကဏ္ဍစုံနှင့် သက်ဆိုင်သော လုပ်ငန်းသစ်များ ဖော်ဆောင်ရန် ဆွေးနွေးခဲ့ကြသည်။




ထို့အပြင် ကမ္ဘာကြီးပူနွေးလာမှုနှင့် စွမ်းအင်ဆိုင်ရာ အကန့်အသတ်များ၊ သက်ကြီးရွယ်အိုများနှင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်စသည့် ကိစ္စရပ်များအပြင် ဒေသတွင်း၌ ဖြစ်ပေါ်နေသည့် ပြဿနာများကို အစိုးရ လုပ်ဆောင်ချက်တစ်ခုတည်းဖြင့် ဖြေရှင်း၍မရဘဲ စီးပွားရေးလုပ်ငန်းဖော်ဆောင်မှုနှင့် ဈေးကွက်ဖွံ့ဖြိုးလာမှုတို့ဖြင့် ဖြေရှင်းနိုင်မည့် အလားအလာများအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ၂၀၁၃ MNL အကောင်းဆုံးဆု ရန်ကုန်တိုက်စစ်မှူး ဆီဇာရရှိ

**ရန်ကုန် ဩဂုတ် ၂၆**

သတင်း-ဖိုးသော်ဇင်
ဓာတ်ပုံ-စိုးညွန့်

၂၀၁၃ ခုနှစ်အတွက် MNL တစ်နှစ်တာ အကောင်းဆုံးဆုများ ချီးမြှင့်ပွဲကို ယနေ့ညပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ အကောင်းဆုံးဘောလုံးသမားဆုကို ဆီဇာ(ရန်ကုန်)၊ လူငယ်အကောင်းဆုံး ဘောလုံးသမားဆုကို အောင်ကျော်နိုင် (နေပြည်တော်) တို့ ရရှိခဲ့သည်။

အခမ်းအနားတွင် ရှေးဦးစွာ ရွှေခေတ်ဘောလုံးသမားဟောင်းကြီးများကို လက်ရှိ ဘောလုံးသမားများက ဂါရဝပြုကန်တော့ကြပြီး ဦးစိုးမြင့်က ဆုံးမဩဝါဒစကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနေရှင်နယ်လိဂ်ကော်မတီဒုတိယဥက္ကဋ္ဌနှင့် ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းတို့က ၂၀၁၃ MNL ပြိုင်ပွဲကို ပံ့ပိုးကူညီခဲ့သည့် စပွန်ဆာကုမ္ပဏီများကို အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို စတင်ကျင်းပရာ MNL ပြိုင်ပွဲ၏ အသန့်ရှင်းဆုံး အသင်းဆုရ ကမ္ဘောဇအသင်း၊ ပထမတန်း အမှတ်ပေးပြိုင်ပွဲ၏ အသန့်ရှင်းဆုံး အသင်းဆုရ မြန်မာယူ-၁၉ အသင်း၊ MNL လူငယ် အမှတ်ပေးပြိုင်ပွဲ ဒုတိယဆုရ ရန်ကုန်အသင်းအား ငွေကျပ်သိန်း ၁၀၀၊ ပထမဆုရ ရတနာပုံအသင်းအား ဆုကြေး ငွေကျပ် သိန်း ၂၀၀ နှင့် ဆုဖလား၊ ပထမတန်း အမှတ်ပေးပြိုင်ပွဲတွင် ၁၀၀၊ ပထမဆုရ ကမ္ဘောဇအသင်းအား ဆုကြေး ငွေကျပ် သိန်း ၂၀၀ နှင့် ဆုဖလားတို့ကို မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းကြီးများနှင့် MNL ကလပ်အသင်းပိုင်ရှင်များက ပေးအပ်ချီးမြှင့်သည်။

လူငယ်ဘောလုံးသမားဆုရရှိကြသော တတိယ ကောင်းဆက်နိုင်(ရန်ကုန်)၊ ဒုတိယဆုရနန္ဒကျော်(မကွေး)၊ ပထမဆုရ အောင်ကျော်နိုင်(နေပြည်တော်) MNLအကောင်းဆုံး ဘောလုံးသမားဆုရ တတိယ နန္ဒလင်းကျော်ချစ်(ရောဝတီ)၊ ဒုတိယ ဇော်မင်းထွန်း (ရတနာပုံ)နှင့် ပထမ ဆီဇာ(ရန်ကုန်)၊ MNL အမှတ်ပေးပြိုင်ပွဲတွင် ပဉ္စမဆုရ ရတနာပုံ၊ စတုတ္ထဆုရဇေယျာရွှေမြေ၊ တတိယဆုရကမ္ဘောဇတို့အား ငွေကျပ်သိန်း ၅၀၀ စီ၊ ဒုတိယဆုရ




**မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း ၂၀၁၃ MNL အမှတ်ပေးချန်ပီယံ ရန်ကုန်အသင်းအား ဆုဖလားချီးမြှင့်စဉ်။**

နေပြည်တော်အသင်းအား ငွေကျပ်သိန်း ၇၅၀၊ ပထမဆုရ ရန်ကုန်အသင်းအား ငွေကျပ်သိန်း ၁၀၀၀နှင့်ဆုဖလားတို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

တတိယဆုရမြန်မာယူ-၁၉ အသင်းအားငွေကျပ်သိန်း ၅၀၊ ဒုတိယဆုရ GFA အသင်းအား ကျပ်သိန်း ၁၀၀၊ ပထမဆုရ ချင်းယူနိုက်တက်အသင်းအား ကျပ်သိန်း ၁၅၀ နှင့် ဆုဖလား၊ MNL Cup ပြိုင်ပွဲတွင် ဒုတိယဆုရ မကွေးအသင်းအား ငွေကျပ် သိန်း

ဆက်လက်၍ ၂၀၁၃ မှာ MNL လူငယ်ပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံးဆုရ ဇင်မင်းထွန်း (ရတနာပုံ)၊ ပထမတန်းပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံးဆုရ မာတူနာ (ချင်း) MNL ပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံးဆုရ ဆီဇာ(ရန်ကုန်)၊ အကောင်းဆုံး

## ❄ ကျောဖုံးမှ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဗိုလ်တထောင်၊ မြောက်ဥက္ကလာ၊ ကမာရွတ်၊ ကြည့်မြင်တိုင်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့်(အရှေ့ပိုင်း)တို့တွင် တန်ဖိုးနည်းအိမ်ရာများအား ဖော်ထုတ်ပေးသွားမည်ဖြစ်ပြီး ဗိုလ်တထောင်မြို့နယ်အတွင်း သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းဆုံရာထောင့်တွင် မြေဧက ၃ ဒသမ ၀၆၈ ဧကနှင့် ၄၅ လမ်းထိပ်တွင် မြေဧက ၂ ဒသမ ၆၅၁ ဧကများပေါ်တွင် မြို့ပြအိမ်ရာစီမံကိန်းနှင့် အဆင့်မြင့် ယာဉ်ရပ်နားစခန်းများကို တည်ဆောက်သွားရန် စီစဉ်ထားသည်။

ထို့အပြင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် ပုလဲလမ်းပေါ်ရှိ မြေဧက ၁၀ ဒသမ ၉၃ ဧကပေါ်တွင် မြို့ပြအိမ်ရာ စီမံကိန်းတစ်ခုကို တည်ဆောက်ရန် လျာထားပြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) ရာဇဓိရာဇ်လမ်းမကြီးပေါ်တွင် မြေဧက ၄၀ ဒသမ ၄၉၃ ကျယ်ဝန်းသည့်နေရာ၌လည်း မြို့ပြအိမ်ရာတစ်ခုကို လည်းကောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မင်းရဲကျော်စွာလမ်း၌လည်း မြေ ၁၁ ဧကပေါ်တွင် တန်ဖိုးမျှတအိမ်ရာစီမံကိန်းတစ်ခုကို လည်းကောင်း ဖော်ထုတ်တည်ဆောက်ပေးသွားရန် စီစဉ်ထားခြင်း ဖြစ်သည်။

ကမာရွတ်မြို့နယ် လှည်းတန်းလမ်းမပေါ်တွင်လည်း မြေဧက ၀ ဒသမ ၁၀၃ ပေါ်တွင် အဆင့်မြင့်ယာဉ်ရပ်နားစခန်းကို တည်ဆောက်ပေးသွားမည်ဖြစ်ကာ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးလမ်းမကြီးပေါ်တွင်လည်း ၀ ဒသမ ၃၆၄ ဧကပေါ်တွင် မြို့ပြအိမ်ရာ စီမံကိန်းတစ်ခုကို ဖော်ထုတ် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်ဒါရွေးချယ်မှုများကို မကြာမီကာလအတွင်း အကောင်အထည်ဖော်သွားရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရှိရပြီး တင်ဒါတင်သွင်းမှုများတွင် အာမခံအဖြစ် စပေါ်ငွေ အမေရိကန်ဒေါ်လာ ငါးသောင်းနှင့် တစ်သိန်းအကြား သတ်မှတ်ကာ ဘဏ်များတွင် အာမခံများ တင်သွင်းထားရကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ❍ ရှေ့ဖုံးမှ

အုတ်ဖိုမော်၊ ချောင်းကြီးဝနှင့် ရွှေဂဲညို စသည့်နေရာများသို့ ခုတ်မောင်းပြေးဆွဲ ပေးလျက်ရှိသည်။ တနင်္သာရီတိုင်းဒေသကြီးသည် မိုးရာသီတွင် ရာသီဥတုဆိုးရွားသဖြင့် စက်လှေများထက် ကမ်းရိုးတန်းအမြန်ရေယာဉ်များကိုသာ အားထားနေရဆဲဖြစ်သည်။ **(မြန်မာ့အလင်း)**



**မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့အနေဖြင့် အသင်းဝင်မြို့နယ်သတင်းထောက်များ၏ ကျန်းမာရေး၊ နာရေးကိစ္စရပ်များတွင် ထောက်ပံ့အကူအညီပေးလျက်ရှိရာ လှိုင်သာယာမြို့နယ် သတင်းထောက် ဦးတင့်လွင်ကွယ်လွန်ခြင်းအတွက် ဩဂုတ် ၂၃ ရက်က ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်နှင့် အလုပ်အမှုဆောင်များက အိမ်သို့သွားရောက်၍ ကွယ်လွန်သူသတင်းထောက်၏သမီးဖြစ်သူ မသန္တာရွှေဇင်အား ထောက်ပံ့ငွေကျပ်တစ်သိန်း ပေးအပ်စဉ်။**
တင်ဝင်းလေး(ကြည့်မြင်တိုင်)

# နမ့်ခမ်းမြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်

**နမ့်ခမ်း ဩဂုတ် ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အဆင့်(၆)စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နမ့်ခမ်းမြို့နယ် ဟိုပုံကျေးရွာအုပ်စု ဝိန်းကမ်းရွာရှိ ဒေသခံတိုင်းရင်းသားများအား ဩဂုတ် ၂၃ ရက်က ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။ **(ယာပုံ)** ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦးနှင့် မူဆယ်ခရိုင်လူဝင် မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကိုတို့က မိုးပွင့်အဆင့်(၆) စီမံချက်လုပ်ငန်းအကြောင်းနှင့် ပတ်သက်ပြီး ကျေးရွာပြည်သူများအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ဦးစီးအရာရှိ ဦးဘီနော်လီနှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့် ၄၁ ဦး၊ အသက် ၁၈နှစ်ပြည့် ၇၂ ဦးတို့ကို မှတ်ပုံတင်များပြုလုပ်ပေးပြီး မွေးဖွားသူကလေး ၇၁ဦးကို အိမ်ထောင်စုစာရင်းတွင် ရေးသွင်းပေးခြင်း၊ သေဆုံး သူ ၁၁၀ တို့၏ စာရင်းများကို ပယ်ဖျက်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ စီမံချက်အရ ကျန်ရှိသောတောင်ပေါ်ကျေးရွာများကိုလည်း ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**



# နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်

**စေတုတ္တရာ ဩဂုတ် ၂၆**

မီးဘေးသင့်ပြည်သူများအတွက် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဩဂုတ် ၂၂ ရက်က စေတုတ္တရာမြို့ အမှတ်(၂) ရပ်ကွက် လယ်ပြင်စု ဓမ္မာရုံ၌ကျင်းပရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဦးက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြီး လယ်ပြင်စုရပ်ကွက် မီးဘေးသင့်ပြည်သူ ၁၃၇ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးတို့ထံ ပေးအပ်ခဲ့သည်။ **သန်းနိုင်ဦး(ငဖဲ)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**

# ဖားကန့်မြို့၌ မိုးသည်းထန်စွာရွာသွန်း၍ လှေများဖြင့်သွားလာနေရ



**ဖားကန့် ဩဂုတ် ၂၆**

ကချင်ပြည်နယ် ဖားကန့်မြို့ ၄ှက်ပျောတောရပ်ကွက်၊ မြို့မရပ်ကွက်၊ အေးမြသာယာရပ်ကွက်၊ မရှိကထောင် ရပ်ကွက်တို့တွင် ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီက ရေကြီးမှုကြောင့် ပီပါဖောင်၊ သုံးဘီးဆိုင်ကယ်၊ လှေစသည်များအသုံးပြု၍ သွားလာခဲ့ရသည်။

ဖားကန့်မြို့ ၄ှက်ပျောတော ရပ်ကွက် ဖူဂျီဓာတ်ပုံဆိုင်နှင့် ရှမ်းရှမ်းစားသောက်ဆိုင်ရှေ့ ကမ်းနားလမ်း ကြိုးတံတားထိပ်ဝန်းကျင်သည် နှစ်စဉ်ရေကြီးတိုင်း ရေနစ်မြုပ်လေ့ရှိသည်။

ဖားကန့် မြို့မရပ်ကွက် မြေနိမ့်ပိုင်းများတွင် ရေအမြဲနစ်မြုပ်၍ ဖားကန့်မြို့အတွင်း လှေဖြင့်သွားလာနေရသည်ကို တွေ့ရှိရသည်။

ဖားကန့်မြို့ မရှိကထောင် ရပ်ကွက် မရှိကထောင်ကြိုးတံတားထိပ်ဝန်းကျင်တွင် ပေ ၂၀ ကျော်ခန့် တံတားကြိုး၍ ပျက်စီးခဲ့သည်။ အဆိုပါတံတားထိပ်မှ တိုရှိဘာစတိုး၊ ဧရာကုန်မာဆိုင်၊ အလယ်တန်းကျောင်းရှေ့၊ မိခင်နှင့်ကလေးရုံးရှေ့တို့တွင်လည်း ရေနစ်မြုပ်ခဲ့သည်။ ဥရုချောင်းသည် တောင်ကျချောင်းဖြစ်၍ အထက်မှာမိုးများပါက ဖားကန့်မြို့ပေါ်တွင် အမြဲရေလွှမ်းခံရသည်။

ရေကြီးလာပါက လှေကိုအသင့်ပြင်ထားရသည်ဟု လှေသမားများက ပြောပြသည်။ ရေပြန်ကျသည့်အခါတွင်လည်း ရွှံ့များကို ဆေးကြောရသည့် ဒုက္ခများကြောင်း သိရသည်။

ယခင်က ဖားကန့်သည် မိုးများ၍ရေကြီးသော်လည်း ရပ်ကွက်အတွင်းသို့ ရေဝင်ရောက်ခြင်း မရှိကြောင်း၊ မရှိကထောင်ရပ်ကွက်တွင် သုံးဘီးဆိုင်ကယ်ပေါ်သို့ လူနှင့်ဆိုင်ကယ်များတင်ဆောင်ကာ သုံးဘီး ဆိုင်ကယ်ကို လူငါးဦး ခြောက်ဦးတို့ဖြင့် ဝိုင်းပြီးတွန်းပို့ကြရကြောင်း၊ လူနှင့်ဆိုင်ကယ်တစ်စီးကို ငွေကျပ်တစ်ထောင်နှုန်းပေးခဲ့ရကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# အလုပ်အကိုင်အခွင့်အလမ်းများပြပွဲ မသန်စွမ်းလူငယ်များ စိတ်ဝင်တစားစွာလေ့လာ

**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာနိုင်ငံလူငယ် စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းကကြီးမှူး၍ ပဋ္ဌမအကြိမ် မြန်မာ့အလုပ်အကိုင်အခွင့်အလမ်းများပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဩဂုတ် ၂၂ မှ ၂၄ ရက်အထိ ကျင်းပခဲ့ရာ အဆိုပါပြပွဲတွင် ကုမ္ပဏီပေါင်း ၈၀မှ ပြခန်း ၁၃၁ ခန်းဖွင့်လှစ်ပြီး ပြပွဲလာပရိသတ်များနှင့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးလျက်ရှိသည်။

ပြပွဲကျင်းပသည့်နေ့များတွင် ကျွမ်းကျင်သူများက လူငယ်များအတွက် အလုပ်အကိုင်နှင့်ပတ်သက်သော အကြံပေးဆွေးနွေးခြင်း၊ လူ့စွမ်းအား အရင်းအမြစ်နှင့်ပတ်သက်သော ဗဟုသုတဖြစ်ဖွယ်များကို ရှင်းလင်းပြောကြားပေးသည်။ ထို့အပြင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက ပြခန်းဖွင့်လှစ်ပြီး အလုပ်သမားမှတ်ပုံတင်ကို အခမဲ့ချက်ချင်း ထုတ်ပေးသည်ကိုလည်း တွေ့မြင်ရသည်။

ပြပွဲသို့ မသန်စွမ်းလူငယ်များမှ အုပ်စုဖွဲ့၍ လာရောက်လေ့လာကြသည်ကို တွေ့မြင်ရသည်။ ပိုလီယိုရောဂါကြောင့် ခြေနှစ်ဖက်စလုံးမသန်စွမ်းဖြစ်နေသည့် အသက် ၂၉ နှစ်ရှိ အောင်ကိုကိုက ပြောကြားရာတွင် မိမိခြောက်လသားအရွယ်တွင် ရောဂါဖြစ်ပြီး ယခုကဲ့သို့ ဘီးတပ်လှည်းဖြင့်သွားလာနေရကြောင်း၊ ပထဝီဝင်ဘာသာ အဓိကဖြင့် ဘွဲ့ရရှိထားသူဖြစ်ကြောင်း၊ Call Center တွင် မသန်စွမ်းသူများအတွက် အလုပ်ခန့်ထားပေးမှုများ ရှိနေကြောင်း၊ ယခုပြပွဲတွင် မိမိနှင့်သင့်လျော်မည့် အလုပ်အကိုင်ကို လာရောက်ရှာဖွေခြင်းဖြစ်ကြောင်း ပြောကြားသွားသည်။ အမြင်အာရုံချို့တဲ့နေသည့် အသက် ၂၃ နှစ်ရှိ ထူးကိုကိုကလည်း နှစ်နှစ်သားအရွယ်မှစတင်ပြီး အမြင်အာရုံချို့တဲ့ခဲ့ကြောင်း၊ မိမိအတွက် ဘယ်လိုအလုပ်မျိုးပေးမည်ဆိုသည်ကို သိရှိလို၍ လာရောက်လေ့လာခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ပြပွဲမျိုးစုံခင်းကျင်းပြသလျက်ရှိရာ မြန်မာ့အလုပ်အကိုင် အခွင့်အလမ်းများပြပွဲသည် ခေတ်ပညာတတ်လူငယ်များအတွက်သာမက လူ့ဘဝတွင်ဘဝပေးအခြေအနေအရ ကိုယ်အင်္ဂါနှင့် အာရုံခံစနစ်ချို့ယွင်းလျက်ရှိသည့် မသန်စွမ်းလူငယ်များအတွက်ပါ ဘဝအာမခံချက်တစ်စိတ်တစ်ပိုင်းဖော်ဆောင်ပေးနိုင်ပါက မသန်စွမ်းလူငယ်များ ယခင်ကထက် ပျော်ရွှင်ချမ်းမြေ့စွာ ရပ်တည်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **အောင်သူရ**





နေပြည်တော် ခုတင်(၁၀၀၀)မှ မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာဇင်ဇင်သန့်၊ သွားအထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်နှင့် နယ်မြေခံဆေးတပ်ဖွဲ့ဝင်များ ပူးပေါင်းသည့် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဩဂုတ် ၂၄ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာ သပြေချောင်းဘုန်းတော်ကြီးကျောင်း၌ ကျောင်းသားကျောင်းသူများနှင့်ဒေသခံပြည်သူများကို သွားဘက်ဆိုင်ရာနှင့် အထွေထွေရောဂါများ စစ်ဆေးကုသပေးမှုကို တွေ့ရစဉ်။

မောင်လွင်(တပ်ကုန်း)

# စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲကျင်းပ

**လှိုင်ကော် ဩဂုတ် ၂၆**

ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းတွင် ၂၀၁၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်းအဆင့် စာစီစာကုံးပြိုင်ပွဲကို "လူတိုင်းအတွက်ပညာရေး၊ အရှိန်အဟုန်မြှင့်တင်ပေး" ခေါင်းစဉ်နှင့် ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မြို့နယ်ပညာရေးမှူး ဦးတိုးလှ၊ ကျောင်းအုပ်ဆရာကြီး ဦးကိုကိုကြီးနှင့် ဆရာ ဆရာမများ လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်ပြီး နေ့လယ်ပိုင်းတွင် အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲကို "လောကကမ္ဘာသာယာဖို့၊ စာတတ်မြောက်ရေး ကူညီစို့" ခေါင်းစဉ်နှင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ရဲနောင်(လွိုင်ကော်)**


**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး**
**ကချင်ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ကချင်ပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကချင်ပြည်နယ်အတွင်း အောက်ဖော်ပြပါ လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာရေးနှစ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

| ခရိုင် | မြို့နယ် | လမ်းတံတားလုပ်ငန်း | | | | | | | | သောက်သုံးရေရရှိရေးလုပ်ငန်း | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | လမ်းဖောက်လုပ်ခြင်း | | တံတားဆောက်လုပ်ခြင်း | | | | | | စိမ့်စမ်း | ရေတွင်း | |
| | | ကျောက်လမ်း | ကတ္တရာလမ်း | RCတံတား | | သစ်သားတံတား | | RCရေပြွန် | | ရေသွယ်လုပ်ငန်း | စက်တူး | လက်တူး |
| | | မိုင် | မိုင် | စင်း | အရှည်ပေ | စင်း | အရှည်ပေ | စင်း | အရှည်ပေ | ခု | တွင်း | တွင်း |
| မိုးညှင်း | မိုးကောင်း | ၂ | - | ၂ | ၁၂၄ | ၇ | ၉၅ | ၁၁ | ၆၆ | ၁ | ၄ | |
| | မိုးညှင်း | ၃ | - | ၁ | ၂၆၅ | ၁ | ၄၀ | - | - | - | - | - |
| | ဖားကန့် | - | - | - | - | - | - | - | - | - | ၆ | - |
| ဗန်းမော် | ရွှေကူ | ၂ | ၂ | - | - | - | - | - | - | - | - | - |
| | မန်စီ | ၁ | - | - | - | - | - | - | - | - | ၁ | - |
| | မိုးမောက် | ၁ | - | ၁ | ၈၀ | - | - | - | - | ၂ | ၆ | - |
| | ဗန်းမော် | - | - | ၂ | ၂၅၂ | - | - | - | - | - | ၅ | - |
| ပူတာအို | ပူတာအို | - | - | - | - | ၅ | ၁၁၀ | - | - | - | - | - |
| | မချမ်းဘော | - | ၂ | - | - | - | - | - | - | - | - | - |
| | နောင်မွန်း | - | - | - | - | - | - | - | - | ၄ | ၈ | ၄ |
| | ဆွမ်ပရာဘွမ် | - | - | - | - | - | - | - | - | ၂ | - | - |
| | ပန်နန်းဒင် | - | - | - | - | - | - | - | - | ၂ | - | - |
| မြစ်ကြီးနား | မြစ်ကြီးနား | - | - | ၁ | ၁၂၇ | ၁ | ၂၀ | ၁၀ | ၆၀ | - | - | - |
| | ဝိုင်းမော် | - | ၃ | ၃ | ၁၉၅ | - | ၂၆၅ | - | - | - | - | - |
| | တနိုင်း | - | ၃ | ၁ | ၈၇ | - | - | - | - | - | - | - |
| | ချီဖွေ | - | - | - | - | - | - | - | - | ၅ | - | - |
| | စုစုပေါင်း | ၉ | ၁၀ | ၁၁ | ၁၁၃၀ | ၁၄ | ၅၃၀ | ၂၁ | ၁၂၆ | ၁၆ | ၃၀ | ၄ |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၇-၈-၂၀၁၄ ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၇-၉-၂၀၁၄ ရက် ၁၆း၃၀ နာရီ
၄။ **တင်ဒါတင်သွင်းမည့်နောက်ဆုံးရက်** - ၂၇-၉-၂၀၁၄ ရက် ၁၆း၃၀ နာရီ
၅။ တင်ဒါဖွင့်လှစ်မည့်ရက်တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သော တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
၆။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၇-၈-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါရုံးများသို့ ဖုန်းဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-
(က) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးရုံး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖုန်း-၀၇၄-၂၉၅၁၂
(ခ) လူမှုဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖုန်း-၀၇၄-၂၂၃၈၆
(ဂ) ကချင်ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(နတလ)၊ မြစ်ကြီးနားမြို့ ဖုန်း-၀၇၄-၂၆၁၀၅၊ ၀၇၄-၂၆၁၄၇

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ကချင်ပြည်နယ်အစိုးရအဖွဲ့**



## ဖခင်အမည်မှန်

မြစ်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း (F)မှ မောင်ကောင်းထက်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကိုကိုလတ် ၁၀/ပမန(နိုင်)၀၀၀၄၉၈ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးကောင်းဖိုလ် ၁၃/လရန(နိုင်)၀၂၉၉၉၄ ၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၃၃၀၄၉၇

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ခ/၅၄၂၀၊ ရှမ်းစတားဂျစ်ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇော် ၁၄/ငပတ(နိုင်)၀၃၃၉၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၁၉၁၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်(၁)ရပ်ကွက်၊ ဝဏ္ဏဘာလမ်း၊ တိုက်အမှတ်-၄၊ အခန်းအမှတ်(ဒီ-၅)၊ ငါးလွှာ၊ အကျယ်အဝန်းပေ(၁၅×၆၀)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လက်ရှိပိုင်ဆိုင် စီမံရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးပိုက်တင်ထွေး ၁၁/စတန(နိုင်)၀၄၉၀၄၃ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အိမ့်ဖြူနိုင် LL.B, D.B.L,D.M.L** (စဉ်-၉၈၇၇) တရားလွှတ်တော်ရှေ့နေ

**ဒေါ်ရတနာနွေး LL.B, D.B.L** (စဉ်-၃၈၄၉၇) အထက်တန်းရှေ့နေ

**အာရှမြေအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ**
**အမှတ်(၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၀၉-၇၃၁၅၀၆၄၀**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရေး အစိုးရ၊ ပြည်သူနှင့် အသင်းအဖွဲ့များ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်

**နေပြည်တော် ဩဂုတ် ၂၆**



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ဇူလိုင်လအတွင်းက စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး အစည်းအဝေးသို့ ဗဟိုကော်မတီဥက္ကဋ္ဌစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင်အဓိကအားဖြင့် စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များတွင် ဖွဲ့စည်းဆောင်ရွက်သွားမည့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှု ကိစ္စရပ်များ၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာနများမှ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ အစိုးရမဟုတ်သော စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာအဖွဲ့များ ဖွဲ့စည်းနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်နှင့် ဖွဲ့စည်းပြီးသည့် အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အားပေးဆောင်ရွက်ရန် ကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

ဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး၏ ဆွေးနွေးဆုံးဖြတ်ချက်များကို ဆောင်ရွက်သည့်အနေဖြင့် ဩဂုတ် ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း **(အပေါ်ပုံ)**က ဦးဆောင်၍ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာန ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ မြန်မာစားသုံးသူကွန်ရက်၊ မြန်မာစားသုံးသူများသမဂ္ဂ၊ မြန်မာနိုင်ငံ စားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်း၊ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းနှင့် အစားအစာသိပ္ပံနှင့် နည်းပညာအဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့သည်။

ဆက်လက်၍ စားသုံးသူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေရေးအတွက် အစိုးရဌာနများနှင့် အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဩဂုတ် ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာန၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်းနှင့်မီဒီယာများ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ နန္ဒဝန်ဈေး ဈေးတာဝန်ခံ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ဈေးအတွင်းရှိ စားသောက်ကုန် ရောင်းချသည့် ဆိုင်များသို့လည်းကောင်း၊ အထက(၁)၊ (၂)၊ (၃)၊(၄)နှင့် (၅)တို့တွင် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီး၊ ဒုတိယမြို့နယ် ပညာရေးမှူးတို့နှင့်အတူ ကျောင်းမုန့်ဈေးတန်းများသို့ လည်းကောင်းသွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

သို့ဖြစ်၍ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ထိရောက်အောင်မြင်စေရန်မှာ သက်ဆိုင်ရာ အစိုးရဌာနများ၊ ပြည်သူများနှင့် အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအဖွဲ့များမှ အားလုံးပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည်။

ယခုအချိန်အခါသည် စားသုံးသူများအတွက် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသောထုတ်ကုန်များ ရရှိနိုင်ရေးသည် အရေးကြီးလှပေရာ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနများ၊ အသင်းအဖွဲ့များ၊ စားသုံးသူပြည်သူများက ဝိုင်းဝန်းလက်တွဲ၍ ဆောင်ရွက်လျက် ရှိကြောင်းနှင့် ရှေ့ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း စားသုံးသူရေးရာဌာနခွဲမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## အမှုထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်း

**ရန်ကုန် ဩဂုတ် ၂၆**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ကြီးမှူးဖွင့်လှစ်သည့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave)လုပ်ငန်းစဉ်အဖြစ် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၂/၂၀၁၄) သင်တန်းဆင်းပွဲကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက ဒဂုံဆိပ်ကမ်းမြို့နယ် ဒဂုံဆိပ်ကမ်း သဘော်ကျင်း ဧရာခန်းမ၌ကျင်းပရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအထွေထွေမန်နေဂျာ ဦးမောင်မောင်လွင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါ အမှုထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ စာရင်းစစ်ချုပ်ရုံး၊ ရသုံးဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ဘာသာရပ် ခေါင်းစဉ်များဖြင့် လာရောက်၍ သင်ကြားပို့ချသွားသည်။ အဆိုပါ သင်တန်းတွင် သင်တန်းသားသင်တန်းသူ ၁၄၇ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အခြေခံပညာအဆင့် စကားရည်လု၊ ကျပန်းစကားပြော၊ ကဗျာရွတ်ဆိုနှင့် ပုံပြောပြိုင်ပွဲများကျင်းပ

**တန့်ယန်း ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မြို့နယ်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲများကို ဩဂုတ် ၂၃ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးစိုင်းမျိုးညွှန့်က ဘက်စုံပညာဖွံ့ဖြိုးရေးအတွက် ပြိုင်ပွဲများကျင်းပရမှုများကို ရှင်းလင်းပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက စကားရည်လုပြိုင်ပွဲအတွက် ခြောက်ဦး၊ ကျပန်းစကားပြောပြိုင်ပွဲအတွက် ငါးဦး၊ ကဗျာရွတ်ဆိုပြိုင်ပွဲအတွက်၁၃ ဦးနှင့် ပုံပြောပြိုင်ပွဲအတွက် ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်

**စဉ့်ကူး ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်သည် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းလိုက်ပါ၍ ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက စဉ့်ကူးမြို့နယ် စည်ပင်ကျွန်းကျေးရွာသို့ သွားရောက်၍ ကျေးရွာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ရေဘေးသင့်အိမ်ထောင်စုဝင်များနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်နိုင်ရေး၊ ရေဘေးကယ်ဆယ်ရေးလုပ်ငန်း အစီအစဉ်များနှင့် ရေတိုက်စားမှုဒဏ်ခံနိုင်ရေးအတွက် ရေကာတာနှင့် သံဆန်ခါ သံပိုက်များချ၍ ကာကွယ်ဆောင်ရွက်မှုများကို ညှိနှိုင်းမှာကြားသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးသည် ရေဘေးသင့်အိမ်ထောင်စု ၇၅ စုအတွက် ငွေနှင့်ပစ္စည်းများကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းမြင့်ထံသို့ စုပေါင်းပေးအပ်ပြီး ကျေးရွာဘုန်းတော်ကြီး ယာယီကျောင်းတိုက်သို့ ကျောင်းထိုင်ဘုန်းတော်ကြီး ဘဒ္ဒန္တဝိသုခထံသို့ သက်န်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကာ ကျေးရွာကို အဓိကရေတိုက်စားသည့်နေရာ၊ ကမ်းပါးနှင့် ပေ ၂၀ သာလိုတော့သည့် ကျေးရွာအခြေခံပညာမူလတန်းကျောင်း အခြေအနေကို ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **ဝင်းမောင်**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၅၉၊ ဦးပိုင်အမှတ် ၅၁၊ ၈၃×၈၄ကြား၊ ၃၃×၃၄ကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးဖေ၊ ဒေါ်သိုင်းတို့ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ စာချုပ်အမှတ် ၁၈၁၃/၂၀၀၈ဖြင့် အမွေဆက်ခံခဲ့သော ကိတ္တိမသမီးဖြစ်သူ ဒေါ်မာမာဆွေ(ခ)ဒေါ်ခင်ဆွေထံမှ ဝယ်ယူခဲ့သူ ဦးရန်ရီချိန် ၁/ဗမန(ဧည့်)၀၀၀၁၀၈နှင့် ဒေါ်နန်းခင်လှိုင်(ခ)ဖြူဖြူခိုင် ၉/မရမ(နိုင်)၀၅၇၈၄၉မှ ဘိုးဘအမည်ပေါက် မြေပုံ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၁၈၇၊ ဦးပိုင်အမှတ် ၃-ခ၊ ၂၅လမ်း၊ ၈၇×၈၈လမ်းကြားရှိ ဒေါ်ခင်ပုအမည်ပေါက် ဘိုးဘမြေကွက်အား မိခင် ဒေါ်ခင်ပု၊ ဖခင် ဦးရင်ဟုန်တို့ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ စာချုပ်အမှတ် ၆၁၈၈/၂၀၁၁ဖြင့် အမွေဆက်ခံခဲ့သော သားသမီးများဖြစ်သည့် ဒေါ်ခင်မမ ပါ(၄)ဦးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၄၁၉၁/၂၀၁၂ဖြင့် ဝယ်ယူခဲ့သူ ဦးထွန်းသိန်း ၉/မတရ(နိုင်)၀၁၄၃၉၂ နှင့် ဒေါ်ဦး ၉/မတရ(နိုင်)၀၁၄၄၀၃တို့မှ အမှုတွဲအမှတ် ၀၂၄၇/ဘ(ပြောင်း)/၂၀၁၄-၂၀၁၅ဖြင့် ဘ/ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၁၇)၊ ဦးပိုင်အမှတ် ၄၁၊ ၄၈×၄၉လမ်းကြား၊ အနော်ရထာ×ဘုရင့်နောင်လမ်းကြားရှိ ဦးမောင်ကံအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်လှလှသန်း ၉/မရတ(နိုင်)၀၀၉၀၅၈မှ ဦးပိုင် ၄၁(ခဲစင်း)မြေကွက်၏ အရှေ့ဘက်ခြမ်းအား မြေချထားမိန့်၊ မြို့ကွက်သစ်ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မန္တလေးခရိုင်တရားရုံးတော်**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၂၉**

ဒေါ်ပျို ပါ-၂ **နှင့်** ဦးဘရမ်း ပါ-၃

**တရားလိုများ** **တရားပြိုင်များ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်နေ ဦးကျော်ကိုကို(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ပျို ပါ(၂)ဦးမှ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ နံ့သာရပ်ကွက်၊ အကွက်အမှတ် ၅၉၄၊ ဦးပိုင်အမှတ် ၄၅၊ ဧရိယာ ၁၇ဒသမ ၇၂၈ဧကရှိ ကိုင်းယာမြေကွက်နှင့်ပတ်သက်၍ တရားလိုများ အမွေဆက်ခံပိုင်ဆိုင်ပြီး အခမဲ့ခွင့်ပြုချက်ဖြင့် လုပ်ပိုင်ခွင့်ပြုခံထားရသူများအား နှင်ထုတ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် စက်တင်ဘာ ၅ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထားထား)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**
**မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ဂန့်ဂါရပ်ကွက်၊ ဟိုတယ်ဇုန်(၄)၊ ကွင်း/အကွက်အမှတ်(၁၅၅၈)၊ ဂန့်ဂါအနောက်၊ ဧရိယာ ၀ဒသမ ၉၁၈ဧကစီရှိ ဦးပိုင်အမှတ်(B-၃၃)နှင့် (B-၃၄) နှစ် ၃၀ ဂရန်မြေကွက်နှစ်ကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ဂရန်အမည်ပေါက် ဦးအေးကျော် ၁၂/စခန(နိုင်)၀၄၃၆၉၇ထံမှ ဝယ်ယူလက်ရှိထားပြီး မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နန်းဆုစလား ၁၃/မယန(နိုင်)၀၀၁၈၂၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုး၏စရန်ငွေအချို့ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးတင်အေး**
**တရားလွှတ်တော်ရှေ့နေ**
**၁၄၉၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၅၇၈၂၁**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ ကောလိယ ၂၄ လမ်း၊ မြေကွက်အမှတ်(၅၄၂/က)၊ မြေအကျယ်အဝန်း(၂၀×၆၀)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးစိန် CE-၀၃၆၂၂၁ အမည်ဖြင့် မှတ်သားတည်ရှိသော နှစ် ၆၀ ဂရန်မြေကွက်ဖြစ်သည်။ ၄င်းအမည်ပေါက်ပိုင်ရှင် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ခင်သန်း ၁၂/ဥကတ(နိုင်)၀၆၃၇၅၁မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခွင့်ရှိသူဖြစ်ကြောင်းနှင့် မိမိတစ်ဦးတည်းသာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုပြောဆို၍ အထက်ပါမြေနှင့်အိမ်အား ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေအိမ် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယဉ်ယဉ်ကြည် LL.B အထက်တန်းရှေ့နေ (စဉ်-၃၀၀၂၂)**
**အမှတ် ၈၆၅၊ သရေခေတ္တရာ ၂၂ လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# အင်းတော်မြို့နယ် မဲဇာမြစ်ကမ်းအနီးရှိ ကျေးရွာအချို့ ၂၄ နာရီမီးလင်းရေး စတင်ဆောင်ရွက်

**အင်းတော် ဩဂုတ် ၂၆**



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မဲဇာမြစ်ကမ်းအနီးတွင်ရှိသော ဂျိုးဂျိုးဂျ၊ သောင်မြင်း၊ ကွင်းချောင်းကျေးရွာများကို ၂၄ နာရီမီးလင်းနိုင်ရေးအတွက်လုပ်ငန်းများကို ကျေးရွာဒေသခံ တာဝန်ရှိသူများဖြစ်ကြသည့် ကျောင်းကုန်းကျေးရွာအုပ်စု၊ မအူကုန်းကျေးရွာအုပ်စု၊ လက်ပံတန်းကျေးရွာအုပ်စု၊ ဂျိုးဂျိုးဂျကျေးရွာအုပ်စု၊ သောင်မြင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ကျေးရွာအုပ်စုအတွင်းရှိ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများကို ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကာ ဩဂုတ်လအတွင်း ကွန်ကရစ်မီးတိုင်များကို တစ်တိုင်လျှင် ငွေကျပ် ၁၃၀၀၀၀ နှုန်းနှင့် ကားများဖြင့် သယ်ယူကာ စုစည်းဆောင်ရွက်နေကြပြီဖြစ်သည်။

အင်းတော်မြို့နှင့် အလှမ်းဝေးလျက်ရှိသော ကျောင်းကုန်းကျေးရွာ၊ မအူကုန်းကျေးရွာ၊ လက်ပံတန်းကျေးရွာ၊ ဂျိုးဂျိုးဂျကျေးရွာနှင့် သောင်မြင်းကျေးရွာ၊ ကွင်းချောင်းကျေးရွာတို့သည် ယခင်ကာလများက ၂၄ နာရီမီးလင်းနိုင်ရေးကို အိပ်မက်တောင်ယောင်၍ မရခဲ့သော နေရာဒေသများဖြစ်သည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

ထိုဒေသများသည် ယခုအခါတွင် ခေတ်နှင့် လျော်ညီစွာပင် ခေတ်မီဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ လမ်းပန်းဆက်သွယ်ရေးမှု ကောင်းမွန်ရေးနှင့် ကျေးလက်မီးလင်းရေးတို့အတွက်ကိုလည်း နေ့စဉ်ဆိုသလို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ၊ ရပ်မိရပ်ဖများက ပူးပေါင်းပါဝင်ဆောင်ရွက်လာကြပြီဖြစ်သည်။

အင်းတော်မြို့နှင့် မိုင် ၂၀ အကွာဝေးသော ဒေသများနှင့် ၁၆ မိုင်အကွာအဝေးရှိသော ဒေသများသာမက မဲဇာမြစ် တစ်ဖက်ကမ်းမှာတည်ရှိသည့် လက်ပံတန်း ကျေးရွာအုပ်စု နေထိုင်ကြသော ဒေသခံများသည်လည်း လျှပ်စစ်မီးရရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆွေးနွေးရန် ချင်းပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဟောက်ပီးကျေးရွာပြည်သူများနှင့်တွေ့ဆုံ

**တီးတိန် ဩဂုတ် ၂၆**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးနန်ဇမုန်သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝုန့်ပြင်းထန်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေခြည်ဖြိုးတို့ လိုက်ပါလျက် တီးတိန်မြို့နယ် ဟောက်ပီးကျေးရွာသို့ ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီခွဲက ဒေသခံကျေးလက်ပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချင်းပြည်နယ်ဘဏ္ဍာရေးဝန်ကြီးက အမှာစကားပြောကြားရာတွင် ပြည်နယ်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးရွာချင်းဆက် လမ်း/တံတားများ အဆင့်တိုးချဲ့နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ မိမိတို့အနေဖြင့် စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပညာရေး တို့မှ ကျရာကဏ္ဍက ကြိုးစားအားထုတ်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးပေါင်ခင်းထန်နှင့် ကျေးရွာပြည်သူများ၏ တင်ပြချက်များကို ဝန်ကြီးကဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ အသေးစိတ်ညှိနှိုင်းဆွေးနွေးပြီး စာသင်ကျောင်းအဆောက်အအုံ၊ ကျေးလက်ဆေးပေးခန်း၊ ဆိုလာမီးလင်းမှုအခြေအနေနှင့် ကားလမ်းဖောက်လုပ်တိုးချဲ့မည့်နေရာများအား ကွင်းဆင်းစစ်ဆေး ကြည့်ရှုကာ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ဆိပ်ဖြူမြို့တွင် ကြက်သွန်နီဈေးနှုန်းကျဆင်း၍ အဝယ်အေး

**ဆိပ်ဖြူ ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်နှင့် ယောချောင်းတစ်လျှောက်ကျေးရွာများသည် ဆောင်းသီးနှံကြက်သွန်နီကို အဓိကထားစိုက်ပျိုးကြပြီး ကြက်သွန်နီဈေးနှုန်းကျဆင်းမှုကြောင့် ဈေးကွက်တွင်စိုက်ပျိုးထုတ်လုပ်သူများ အရှုံးပေါ်ခဲ့ပြီး ယခင်နှစ် ဩဂုတ်လပိုင်းက ၁ ပိဿာလျှင် ငွေကျပ် ၄၅၀ မှ ၅၀၀၊ ယနေ့ကုန်စည်ဒိုင်ဈေးနှုန်းကြက်သွန်နီထိပ်စ ငွေကျပ် ၃၄၀၊ အညံ့ငွေကျပ် ၂၅၀ သာရှိပြီး နယ်တွင်ဝယ်ဈေးမရှိကြောင်း၊ ယခုနှစ် မတ်လပိုင်း စိုက်ခင်းပေါ်ချိန်တွင် ငွေကျပ် ၃၀၀ မှ ၄၀၀ ထိ ရောင်းခဲ့ရကြောင်း သိရပြီး ကြက်သွန်ပွဲစားတစ်ဦးမှ ကြက်သွန်နီအရောင်းအဝယ်ကာလ မတ်လပိုင်းမှ အောက်တိုဘာလပိုင်းထိ သတ်မှတ်နိုင်ပြီး ယခု ဩဂုတ်လတွင် ကာလပေါ်မှ ယခုချိန်ထိကြက်သွန်နီပိဿာ ၁၀၀၀ ဝယ်ယူ၍ ဂိုဒေါင်ပေါ်သို့ တင်လျှင် အလျော့တွက်ပိဿာ ၇၅၀ ခန့်သာကျန်ရှိပြီး ဆိပ်ဖြူမြို့နယ်မှ အခြားမြို့ကြီးများနှင့် ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်များသို့ တင်ပို့လျက်ရှိပြီး ယခုအချိန်တွင် ဘုရင့်နောင်ကုန်စည်ဒိုင်သို့သာတင်ပို့၍နေရကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ကြက်သွန်နီလတ်ချော ငွေကျပ် ၂၅၀၊ လတ်သန့် ငွေကျပ် ၃၅၀၊ လတ်ကြီး ကျပ် ၄၅၀၊ ကြက်သွန်နီရှယ် ငွေကျပ် ၅၅၀ ခန့်သာ ရှိပြီး ဆိပ်ဖြူမြို့နယ်မှ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ပို့ဆောင်ခအနေဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၉၀၀ တန်ဆာခပေးချေရပြီး ဆိပ်ဖြူမြို့နယ်အနေဖြင့် ကြက်သွန်နီလက်ကျန်မှာ များနေပြီး ကုန်ချိန်တန် သိန်း ၁၅၀ မှ ၁၈၀ ခန့်ထိ ကျန်ရှိနေသေးကြောင်း ကုန်သည်တစ်ဦးက ပြောသည်။

**စိုးလင်းနိုင်(iprd)**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် အီဘိုလာဗိုင်းရပ်စ်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကျင်းပ

**မော်လမြိုင်ကျွန်း ဩဂုတ် ၂၆**

မော်လမြိုင်ကျွန်းမြို့နယ်တွင် အီဘိုလာဗိုင်းရပ်စ်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းခန်းမ၌ကျင်းပရာ ခုတင် ၁၀၀ ဆေးရုံအုပ် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးအောင်နှင့် မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ အရန်သားဖွားဆရာမများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ယင်းအသိပညာပေးဟောပြောပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အေးအောင်က အီဘိုလာဗိုင်းရပ်စ်ရှိနေသောလူနှင့်တိရစ္ဆာန်များ၏ သွေး၊ တံတွေးနှင့်ခန္ဓာကိုယ်မှထွက်သော အရည်များမှတစ်ဆင့် တိုက်ရိုက်ထိတွေ့ ကိုင်တွယ်မိပါက ကူးစက်နိုင်ပြီး ကူးစက်ခံရသူ၏ ရောဂါလက္ခဏာများမှာ ဖျားခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ အရည်ဝမ်းသွားခြင်း၊ အန်ခြင်းများဖြစ်ပွားပါက အသည်းနှင့် ကျောက်ကပ်များထိခိုက်ပြီး ခန္ဓာကိုယ်အတွင်းနှင့်အပြင်တို့တွင် သွေးယိုထွက်မှုများရှိနိုင်ပြီး အသက်အန္တရာယ်ဖြစ်ပွားနိုင်သဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်သတင်းပို့ပါရန်နှင့် အီဘိုလာရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်နိုင်ရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးဆောင်ရွက်ပါ။ လက်များကို ဆပ်ပြာနှင့်အကြိမ်ကြိမ် ဆေးကြောရေးနှင့် ရောဂါပိုးရှိသူတို့နှင့်ထိတွေ့ဆက်ဆံကိုင်တွယ်ခြင်း မပြုပါရန် ပရိုဂျက်တာများဖြင့် အသေးစိတ်အသိပညာပေး ဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသူများက အီဘိုလာဗိုင်းရပ်စ်ရောဂါနှင့် ပတ်သက်ပြီး မရှင်းလင်းသောအချက်များကို ပြန်လည်မေးမြန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**(ဝ၆၅)**


## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

**၂၀၁၄ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၁၃၁**

ဦးမြသိန်း **နှင့်** ဒေါ်ခင်အေး ပါ ၁၂

**လျှောက်သူ** **အလျှောက်ခံရသူများ**

(၃) မနီနီဦး၊ (၄) ကိုလှမင်း၊ (၅) ကိုအောင်စိုးမိုး (အတူနေမောင်နှမများ)၊ အမှတ် ၁၄၊ မဟိုလမ်း (မြေညီထပ်)(ဝဲဘက်အခန်း)၊ ဗျိုင်းရေအိုးစဉ် ရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ ဦးမြသိန်းက ဤရုံးသို့ မန္တလေးခရိုင်တရားရုံး မကြီး ၂၀၂/၂၀၁၂၏ (၈-၅-၂၀၁၄)ရက်စွဲပါ အမိန့်နှင့်စပ်လျဉ်းသည့် အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၄ခုနှစ် စက်တင်ဘာ ၄ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဩဂုတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**တင်ထွေးဦး**

**ဒုတိယညွှန်ကြားရေးမှူး**

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ကြေညာချက်

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ အေးမြင့်သာယာ(ခ)ကျောက်တောရပ်ရှိ အကွက်အမှတ်(၃၁)၊ ဦးပိုင်အမှတ်(၅၃၊ ၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၆၈၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၆၊ ၈၇၊ ၈၈၊ ၈၉၊ ၉၀၊ ၉၁၊ ၉၂၊ ၁၀၁၊ ၁၀၂၊ ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁၊ ၁၁၂၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ၁၁၆)၊ (၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၅၃၊ ၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၆၈၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၆၊ ၈၇၊ ၈၈၊ ၈၉၊ ၉၀၊ ၉၁၊ ၉၂ ထိ) မြေကွက် ၄၈ ကွက်ကို ၂၀၀၇ခုနှစ်က မြေပေးမိန့်ဖြင့် ရရှိထားသူများမှ မြေပြင်တွင် အဆောက်အအုံ ဆောက်လုပ်နေထိုင်ခြင်း၊ ခြံစည်းရိုးကာရံထားခြင်းမရှိကြောင်း တွေ့ရှိရသဖြင့် စည်းကမ်းပျက်သတ်မှတ်၍ မြေပေးမိန့်များအား ပယ်ဖျက်ပြီး အခြေခံမူလတန်းကျောင်းမြေအဖြစ် သတ်မှတ်မည်ဖြစ်ပါ၍ မြေပေးမိန့်ရရှိထားသူများမှ မိမိရရှိထားသည့် အထောက်အထားများယူဆောင်၍ ကလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

**ကော်လီတွေ့ာ်အရာရှိ**

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ လူနေရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၁၁၇၄၊ မြေအကျယ်အဝန်း(အလျားပေ ၄၀×အနံပေ၆၀)၊ ဧရိယာ ၂၄၀၀ စတုရန်းပေရှိ ဒေါ်နှင်းနွယ်စိုးအမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၄ ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ် ၁၁၇၄ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်နှင်းနွယ်စိုး ၅/ကလထ(နိုင်)၁၄၁၀၆၃က တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင်းဝင်းနွယ် (စဉ်-၃၀၅၃၈)** **ဒေါ်နီလာအောင် (စဉ်-၄၃၄၈၈)**

**LL.B, B.A (Business Law)** **LL.B**

**ဖုန်း-၀၉-၅၀၄၉၉၂၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ၄၂ ရပ်ကွက်၊ ဦးဖိုးကျားလမ်း၊ မြေကွက်အမှတ် ၁၃၂၇၊ မြေအကျယ်ပေ(၄၀×၆၀)ရှိ ဦးအုံးရွှေအမည်ပေါက်ပါမစ်မြေကွက်အား ဆက်စပ်အရောင်းအဝယ်စာချုပ်များအရ လက်ရှိပိုင်ဆိုင်သူမှ အရှုပ်အရှင်းမရှိကြောင်း ဝန်ခံပြောဆိုချက်အရ ကျွန်မဒေါ်မေစိုးသူ ၁၂/ကမရ(နိုင်)၀၃၈၄၇၅မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေစိုးသူ**

**ဖုန်း-၀၉-၂၅၄၂၆၀၁၉၂၊ ၀၉-၃၂၃၄၉၁၁၈**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ရန်ပြေ၊ မြေကွက်အမှတ်၂၇၉/က+ခ၊ မြေကွက်တည်နေရာအမှတ်၂၇၉/က+ခ၊ စောရန်ပိုင်လမ်း၊ ၃-ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးတင်ဝင်း၊ ဦးမောင်ငွေးအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်နှစ်ဦးအနက် တစ်ဦးဖြစ်သူ ဦးမောင်ငွေး(ဖခင်)၊ ဒေါ်ခင်တင့်(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးအောင်သန်းငွေး ၉/ခမစ(နိုင်)၀၁၉၂၃၁၊ ဒေါ်ခင်စန်းတင့် ၁၂/သကတ(နိုင်)၀၄၁၅၆၃တို့ နှစ်ဦးအနက် ဦးအောင်သန်းထံမှ GP-၇၈၉၀/၁၄ ၁၇-၃-၁၄ ရသူ ဦးသက်နိုင်မင်း ၁၂/သကတ(နိုင်)၁၃၀၄၀၀ မှ ကျန်ပူးတွဲပိုင်ရှင် ဒေါ်ခင်စန်းတင့် ၁၂/သကတ(နိုင်)၀၄၁၅၆၃ နှင့် ကျန်အမည်ပေါက် ဦးတင်ဝင်း K/RGN-၀၂၇၄၆၃ တို့နှင့်ပူးတွဲ၍ သေစာရင်း၊ ကျမ်းကိုန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်း ဖြစ်ကြောင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ သုံးခွမြို့နယ်၊ ရေပေါ်ကန်ကျေးရွာနေ ဦးမြင့်ဝင်း၏သား ၁၂/သခန(နိုင်)၀၇၆၇၈၀ ကိုင်ဆောင်သူ ဦးချစ်ကိုကို၊ ဦးမောင်ချိုနှင့် ဦးချိုလွင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# နှစ်ပေါင်းတစ်ရာကျော်ရှိ ဥရောပဆန်ဆန် ရှေးဟောင်းအိမ်ကြီးများ ထိန်းသိမ်းစောင့်ရှောက်ထား



ပြင်ဦးလွင်မြို့ကို ဗဒုံမင်း(ဘိုးတော်ဘုရား) လက်ထက်တွင် ပြင်ဦးအမည်ဖြင့် တည်ရှိနေပြီးသော ရွာတစ်ရွာဖြစ်ကြောင်းကို မြန်မာသက္ကရာဇ် ၁၁၄၉ ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ ရက် (ခရစ်သက္ကရာဇ် ၁၇၈၇ ခုနှစ် အောက်တိုဘာ ၁၂ ရက်)တွင် ထုတ်ပြန်သော နာခံပြောကြီးအမိန့်တော်တွင် အထင်အရှား တွေ့ရှိခဲ့ရသည်။

ဤသို့ဆိုလျှင် ယနေ့ပြင်ဦးလွင်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၂၇ နှစ်မတိုင်မီကတည်းကပင် ပြင်ဦးအမည်ဖြင့် တည်ရှိခဲ့ပြီးသော ရွာတစ်ရွာဖြစ်လေသည်။ သို့သော်လည်း ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်တို့ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်အပြီး ၁၈၉၆ ခု ဇွန်လတွင်ဥရောပနှင့် ရာသီဥတု၊ ရေမြေတောတောင်သဘာဝ တူညီသော ပြင်ဦးရွာကို ဥရောပတိုက်သားများအတွက် နွေရာသီ အပန်းဖြေအနားယူရန်နှင့် အင်္ဂလိပ်ဘုရင်ခံ နွေရာသီရုံးစိုက်ရာ မြို့တစ်မြို့အဖြစ် တည်ဆောက်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။

ထိုအချိန် ၁၈၉၆ခုနှစ်မှ စတင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် ပြင်ဦးရွာ၌ ဥရောပဆန်သော နေအိမ်၊ ကျောင်း၊ ရုံး စသည့် အဆောက်အအုံများကို လာရောက်ဆောက်လုပ်ခဲ့ကြပြီး ကုန်းဘောင်ခေတ်ကတည်းက တည်ရှိခဲ့ပြီးသော ပြင်ဦးရွာကိုလည်း ၁၈၈၆ ခုနှစ်တွင် သိမ်းပိုက်ခဲ့သော အမှတ် (၅) ဘင်ဂေါခြေလျင်တပ်ရင်းမှ တပ်ရင်းမှူး ဗိုလ်မှူးကြီးမေကိုအစွဲပြု၍ ပြင်ဦးလွင်၏အမည်ကို ၁၈၉၇ ခုနှစ်တွင် မေမြို့ဟု တရားဝင်အမည်ပြောင်းလဲခဲ့လေသည်။

ထိုခေတ်ထိုအချိန်က ဆောက်လုပ်ခဲ့သော အဆောက်အအုံပေါင်း ၁၅၈ ခုရှိသည်ဟုသိရှိရပြီး ယနေ့အချိန်အထိ ထိုအဆောက်အအုံများကို နှစ်ပေါင်းရာချီပြီ ဖြစ်သည့်တိုင် အကောင်းပကတိဖြင့် တွေ့မြင်ရသည်မှာ အံ့သြဖွယ်ကောင်းလှသည်။ အဆောက်အအုံတိုင်းတွင် မျှော်စင်များ၊ မီးခိုးခေါင်းတိုင်များဖြင့် ဥရောပဆန်ဆန် ဆောက်လုပ်ခဲ့ကြသော်လည်း ယနေ့အချိန်အထိ လှပသစ်လွင်နေဆဲဖြစ်ပြီး မြင်တွေ့ရသူအပေါင်း၏ စိတ်ကိုလည်း စွဲဆောင်နေဆဲပင်ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ နေအိမ်တိုက်တာအဆောက်အအုံအသစ်များထပ်မံ၍ လှလှပပအများအပြား ပေါ်ထွက်လာခဲ့ကြသော်လည်း ပြင်ဦးလွင်ရှိ ဥရောပဆန်ဆန် ရှေးဟောင်းအိမ်ကြီးများမှာ စိတ်ဝင်စားစရာ ကောင်းနေဆဲပင်ဖြစ်သည်။ ထို့ကြောင့်လည်း ပြင်ဦးလွင်သို့ ရောက်ရှိလာသမျှသော နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များသည် အဆိုပါ အိမ်ကြီးများဆီသို့ တကူးတက သွားရောက်လည်ပတ်လေ့လာကြသည်မှာ ယနေ့ထိတိုင် အများအပြားပင် ဖြစ်သည်။

ယခုအခါ ထိုအိမ်ကြီးများကို ရှေးဟောင်းသမိုင်းဝင် အိမ်ကြီးများအဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိနေပြီး ယခုထက်ပို၍ ရှေးမူမပျက် ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်နိုင်လျှင် ပိုမိုကောင်းမွန်သင့်တော်မည်ဖြစ်သည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ဖျာပုံမြို့တွင် မိုးရွာသွန်းချိန်များပြားသဖြင့် သောက်သုံးမြေသား မိုးရေလှောင်ကန်များ ရေလုံလောက်စွာသိုလှောင်နိုင်ပြီ

**ဖျာပုံ ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိပြည်သူများ သောက်ရေအတွက် မြေသားမိုးရေလှောင်ကန်များကိုသာ အားထားနေကြရာ ယခုနှစ် မိုးဦးရာသီအစတွင် မိုးရွာသွန်းမှု နောက်ကျသော်လည်း မိုးလယ်ကာလမှစတင်၍ မိုးရေချိန်များပြားစွာ ရွာသွန်းသဖြင့် ယခုအခါ မြို့တွင်းရှိ မိုးရေလှောင်ကန်များ မိုးရေပြည့်ဝစွာ သိုလှောင်နိုင်ပြီဖြစ်ကြောင်း တွေ့ရသည်။



"ကျွန်တော်တို့ ဖျာပုံမြို့က မြို့တည်စကာလကတည်းက ၅ လမ်းနဲ့ ၆ လမ်းကြားမှာ မိုးရေလှောင်ကန်တွေတည်ရှိနေပြီး ရပ်ကွက်များမှာလည်း သက်ဆိုင်ရာ မိုးရေလှောင်ကန်တွေရှိပါတယ်။ သုံးရေကိုတော့ မြစ်နဲ့ချောင်းလက်တက်တွေက တက်လာတဲ့ရေကို သုံးစွဲကြရပါတယ်။ သောက်ရေကိုတော့ ရပ်ကွက်များရှိ မိမိတို့နဲ့နီးစပ်ရာ မိုးရေလှောင်ကန်များကို အားထားသုံးစွဲရပါတယ်။ ယခုနှစ်က ရာသီဥတုဖောက်ပြန်ပြီး မိုးဦးကာလ မေ ၁၅ ရက်ကနေ ဇူလိုင်လလယ်လောက်အထိ မိုးပုံမှန်မရွာလို့ မိုးရေအတွက် စိတ်ပူနေရတာ ဇူလိုင်လကုန်ပိုင်းကစပြီး မိုးရွာလာလို့ ပြည့်ဝစွာ သိုလှောင်နိုင်ပါပြီ" ဟု ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

ဖျာပုံမြို့သည် ပင်လယ်ရေနှင့် နီးကပ်စွာတည်ရှိပြီး ရေငန်ဝင်ရောက်သဖြင့် ရေချိုရှားပါးသည့် ဒေသဖြစ်ပြီး ရေချိုတူးဖော်ရယူနိုင်ခြင်း မရှိသဖြင့် မြို့နေပြည်သူဦးရေ ငါးသောင်းကျော်ခန့်က မြေသားမိုးရေလှောင်ကန်များတူးဖော်၍ မိုးရေသိုလှောင်သုံးစွဲနေရသည်မှာ မြို့တည်စကာလမှ ယခုအချိန်အထိ ဖြစ်သည်။ ဖျာပုံမြို့တွင် သောက်သုံးရေကန် ၇၀ ခန့်ရှိပြီး ပြည်သူများ ရေလုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အဆိုပါသောက်သုံးရေများကို ကြီးကြပ်၍ ရေပေးဝေလျက်ရှိရာ တောင်ပိုင်းခြမ်းရပ်ကွက်များကို ကန်တော်ကြီး မိုးရေလှောင်ကန်မှ ရေပေးဝေပြီး မြောက်ပိုင်းခြမ်းရပ်ကွက်များကို ချောင်းတွင်းမိုးရေလှောင်ကန်မှ ရေပေးဝေလျက်ရှိသည်။ မြို့လယ်ရပ်ကွက်များကို ကန်တော်ကြီး မိုးရေလှောင်ကန်အပြင် ဖျာပုံမြစ်ရေကို ရေတွန်းစက်များဖြင့် ရေပေးဝေလျက်ရှိရာ ပြည်သူများ သောက်သုံးရေအတွက် ဖူလုံစွာ အသုံးပြုနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**


## Happy Birthday August Family

**ဩဂုတ်လ ၂၇ ရက်တွင် ကျရောက်သော ချစ်ဇနီး သဲ(ခ)သဲသဲမွန်**
**ဩဂုတ်လ ၂၉ ရက်တွင် ကျရောက်သော ချစ်သားကြီး**
**Eiki(ခ)အောင်ကောင်းသစ်**

မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၂၀ တိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့်ပြည့်စုံပြီး ပျော်ရွှင်ဖွယ်ရာ နေ့ရက်ပေါင်းများစွာကို ပျော်ရွှင်ချမ်းမြေ့သောမိသားစုဖြင့် ထာဝရပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်-

**ချစ်ခင်ပွန်း - ကိုဖုန်းအောင်လင်း**
**ချစ်သမီး - သဲရွှေရည်လင်း(ခ)Sumo**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ရေဘုတလင်-ကနီ-မင်းကင်း ၆၆ ကေဗွီ ဓာတ်အားလိုင်းအတွက် လိုအပ်သော ၁၂ မီတာ ကွန်ကရစ်ကျောက်တိုင်နှင့် ၁၅ မီတာ ကွန်ကရစ်ကျောက်တိုင်များအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၆-၈-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၅-၉-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်၊ ပုသိမ်မြို့မှ အောက်ဖော်ပြပါပစ္စည်းများအား ရုံးအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Computer and Printer နှင့်ဆက်စပ်ပစ္စည်းများ ၂ စုံ
(ခ) လက်နှိပ်စက် ၁၈ လက်မ (မြန်မာ) ၁၅ လုံး
(ဂ) Scanner A4 ၅ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ ၂၇-၈-၂၀၁၄ ရက်မှ စတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၂၆-၉-၂၀၁၄ ရက် ၁၆:၀၀ နာရီ ဖြစ်ပါသည်။

**စီမံဌာန**
**ဧရာဝတီတိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး**
**ပုသိမ်မြို့**
**ဖုန်း-၀၄၂-၂၃၈၃၉၊ ၀၄၂-၂၂၁၅၉**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/မနူဟာ၊ မြေကွက်/ဦးပိုင်အမှတ် ၄၆၊ ဧရိယာ ဝဒသမ ၂၃၀ဧကရှိ ဦးသိန်းဟန်အမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးဝင်းမြင့်သိန်း-ဒေါ်ခင်ဂျူးဂြိုလ်ဝင်း ၉/ပမန(နိုင်) ၀၁၁၈၂၈၊ ၉/ပမန(နိုင်)၁၃၆၈၅၅ (ဘ) ဦးဟန်စိုး၊ ဦးစောဖားရူးမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်ကျော်နန္ဒာဝင်း(ခ)ဒီဇင်ဘာ ၈/သရန(နိုင်) ၀၃၇၃၇၁သည် မိဘဆိုဆုံးမ၍မရသည့်အပြင် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့ပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**မိဘများ**
**ဦးတင်ဝင်း ၈/သရန(နိုင်)၀၀၃၆၉၈**
**ဒေါ်ခင်အေးမွန် ၈/သရန(နိုင်)၀၄၆၇၅၈**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၃၄၉၁ Honda Dream C 100 MN ယာဉ်လက်ဝယ်ရှိသူ ဒေါ်နေနေအောင် ၉/ခအဇ(နိုင်)၀၁၉၆၈၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖခင်အမည်မှန်

ရေဦးမြို့၊ ဖွဲ့သန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ န၀မတန်း(ဘီ)မှ မောင်ကောင်းကျော်မှူး၏ ဖခင်အမည်မှန်မှာ ဦးမြမှူး ၅/တဆန(နိုင်)၀၆၂၉၂၁ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(စီ)မှ မအိသန္တာမျိုးနှင့် ပထမတန်း(ဘီ)မှ မောင်စိန်လင်းတို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးလှိုင် ၅/တဆန(နိုင်)၀၇၃၂၄၆ ဖြစ်ပါသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ကမ်းလွန်နှင့် ကုန်းတွင်းလုပ်ကွက်သစ်များကြောင့် ဝင်ငွေတိုးလာနိုင်မည့်အပြင် လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေမည်

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာ့ကမ်းလွန် ပင်လယ်ပြင် မုတ္တမကမ်းလွန်ဒေသရှိ ဇောတိက သဘာဝဓာတ်ငွေ့စီမံကိန်းမှာ ဩဂုတ်လမှစတင်ကာ ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့များ စတင်ရောင်းချပေးလျက်ရှိနေသည့်အပြင် ကုန်းတွင်းလုပ်ကွက်သစ်များကြောင့် နိုင်ငံ့ဝင်ငွေတိုးပွားလာသော်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိရန် လိုအပ်နေသေးကြောင်း ကမ်းလွန်လုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိသည့် နည်းပညာကျွမ်းကျင်သူ မြန်မာလုပ်သားများက ပြောကြားသည်။

မြန်မာ့ကမ်းလွန်ဒေသများအတွင်း တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၂၀၀၀ နီးပါး ထုတ်လုပ်လျက်ရှိကာ နေ့စဉ်တင်ပို့ရောင်းချရာမှ တစ်ဆင့် အမေရိကန်ဒေါ်လာ ၁၅ သန်းကျော် ရရှိလျက်ရှိပြီး ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းများဖြစ်သော ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ ကုဗပေသန်း ၄၀၀ ခန့်၊ ဇောတိကစီမံကိန်းမှ ကုဗပေသန်း ၃၀၀၊ ရတနာစီမံကိန်းမှ ကုဗပေသန်း ၈၅၀၊ ရဲတံခွန် စီမံကိန်းမှ ကုဗပေသန်း ၃၅၀ တို့ကို ထုတ်လုပ်ကာ အိမ်နီးချင်းနိုင်ငံများထံသို့ ရောင်းချလျက်ရှိကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ သိရသည်။



လုပ်ငန်းအများစုတွင် နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်များနှင့် ပြည်တွင်းပညာရှင်များကို ခန့်အပ်ထားရှိသော်လည်း ပြည်တွင်းပညာရှင် လုပ်သားဦးရေမှာ နည်းပါးလျက်ရှိပြီး နည်းပညာအတွေ့အကြုံကောင်းများ ရရှိလာစေရန် ပြည်တွင်းပညာရှင်များ ပိုမိုခန့်အပ်ထားပေးခြင်းများ ပြုလုပ်ရန် လိုအပ်နေသေးကြောင်း သဘာဝဓာတ်ငွေ့ ထုတ်ယူခြင်းများတွင် အကြီးမားဆုံးစီမံကိန်းတစ်ခု ဖြစ်သည့် ရတနာစီမံကိန်းမှ မြန်မာပညာရှင် ကိုရဲသူအောင်က အကြံပြုပြောပြသည်။

"နိုင်ငံတကာ အတွေ့အကြုံရှိ မြန်မာပညာရှင်တွေ အများကြီး လိုအပ်နေပါသေးတယ်။ ကျွန်တော်တို့အနေနဲ့ ထပ်မံခန့်အပ်ပေးဖို့အစီအစဉ်တွေလည်း ရှိပါတယ်။ သို့သော် ကျွမ်းကျင်ပညာရှင် လုပ်သားတွေ ရရှိဖို့ အခက်အခဲတွေ အများကြီး ရှိနေပြီး ရိုးရိုးလေဘာအများစုကိုတော့ ထပ်မံခန့်အပ်ပေးသွားဖို့ရှိတယ်"ဟု ဇောတိက သဘာဝဓာတ်ငွေ့စီမံကိန်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

လက်ရှိတွင် ပြည်တွင်းသယံဇာတများအနက် သဘာဝဓာတ်ငွေ့ လုပ်ငန်းများပိုမိုတိုးချဲ့လုပ်ကိုင်ရန် အီးယူနိုင်ငံများမှလည်း စိတ်ပါဝင်စားမှုမြင့်တက်လျက်ရှိပြီး ကနေဒါနိုင်ငံခြားရေးဝန်ကြီးကလည်း မြန်မာနိုင်ငံအတွင်း သတ္တုနှင့် စွမ်းအင်တူးဖော်ရေးလုပ်ငန်း လုပ်ကိုင်ရန် ကနေဒါလုပ်ငန်းရှင်များ စိတ်ဝင်စားလျက်ရှိကြောင်း မြန်မာ့အလင်းသို့ ဖြေကြားထားခဲ့သည်။

သဘာဝဓာတ်ငွေ့မှ ပြည်ပသို့ တင်ပို့ရောင်းချရာတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း အမေရိကန်ဒေါ်လာသန်းပေါင်း ၃ ဒသမ ၆ ဘီလီယံရှိခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ၃ ဒသမ ၂ ဘီလီယံခန့်ရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စာရင်းထုတ်ပြန်ထားပြီး ယခုနှစ်အတွင်း ကုန်းတွင်းလုပ်ကွက်သစ်များနှင့် ကမ်းလွန်လုပ်ကွက်သစ်များကြောင့် တင်ပို့ရောင်းချရမှု ပိုမိုမြင့်မားလာနိုင်သည့်အပြင် ပြည်တွင်းကျွမ်းကျင်သူများ အတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးပွားလာစေရန် ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေး ကျွမ်းကျင်သူ ပညာရှင်အချို့က မျှော်လင့်လျက်ရှိကြသည်။ ။



## ပြည်သူ့ဗဟိုပြုရဲလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့ သင်တန်းခန်းမတွင် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်(အခြားအဆင့်) ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းများကို EU နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်ပေးနေမှု၊ ရဲနှင့်ပြည်သူပူးပေါင်းမှု၊ ပြည်သူများအကြား ရဲတပ်ဖွဲ့ဝင်များကို ထားရှိရမည့် သဘောထားများကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးမှ ရဲအရာရှိများ၊ဗဟန်း၊ ကြည့်မြင်တိုင်၊ ဒဂုံနှင့် စမ်းချောင်းမြို့နယ်များမှ ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူ ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ သင်တန်းကို ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၅ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## သတင်းတိုများ

### ကန့်ဘလူ၌ နွားမေထုန်မဲ့သားစပ်သင်တန်းဖွင့်

စစ်ကိုင်းဒေသကြီးအစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေမှ ထောက်ပံ့ငွေဖြင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ နွားမေထုန်မဲ့သားစပ်သင်တန်း (၁/၂၀၁၄)ဖွင့်ပွဲကို ကန့်ဘလူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးခန်းမ၌ ဩဂုတ် ၂၄ ရက်က ကျင်းပခဲ့ပြီး ကျေးလက်နေပြည်သူများအား သိပ္ပံနည်းကျမွေးမြူရေးနည်းစနစ်များကို သင်ကြားပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

### သောင်ရင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်

ကရင်ပြည်နယ်အတွင်း ရေနေသယံဇာတများ ပေါကြွယ်ဝစေရေးအတွက် ကရင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သောင်ရင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ဩဂုတ် ၂၁ ရက်က ပြုလုပ်ခဲ့ရာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ပြည်နယ် မွေး/ကုဦးစီးဌာနမှူး၊ မြဝတီခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများက ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရေနစ်သေဆုံးမှုနှင့် အဓမ္မပြုကျင့်မှုမဖြစ်ပွားရေး ပညာပေးဟောပြော

**ပုသိမ်ကြီး ဩဂုတ် ၂၆**

ရေနစ်သေဆုံးမှုနှင့် အဓမ္မပြုကျင့်မှု မဖြစ်ပွားရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်အရ ကျောင်းသား ကျောင်းသူများ အသိပညာရရှိစေရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၂၂ ရက်က ပုသိမ်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဇဗ္ဗူခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲသို့ မြို့နယ်ပညာရေးမှူးဒေါက်တာ ဥမ္မာကြည်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်း၊ မြို့နယ်အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးထွန်းထွန်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်လှနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါက်တာဥမ္မာကြည်က အမှာစကားပြောကြားပြီး မြို့နယ်အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးထွန်းထွန်းက သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာမည့် အခြေအနေနှင့် ကြိုတင်ကာကွယ်မှုဆိုင်ရာပညာရပ်များ ဟောပြောခြင်း၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက ရေနစ်သေဆုံးမှုနှင့် အဓမ္မပြုကျင့်မှုမဖြစ်ပွားရေး သတိပြုရှောင်ကြဉ်ရန်အချက်များ၊ ဗဟုသုတရရှိစေရန် စာဖတ်ရှိန်မြှင့်တင်ရေး အစီအစဉ်များ ဆောင်ရွက်ပေးနေမှုများကို ဟောပြောကြကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**


## ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲ

အဋ္ဌမအကြိမ်မြောက် ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲကို သထုံမြို့၌ ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၃)ရက်မှ (၅)ရက်အထိ (၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်မှ ၉ရက်အထိ) (၃)ရက်တိုင်တိုင်ကျင်းပ၍ ပြာသိုလပြည့်ကျော် (၈)ရက်၊ ဇန်နဝါရီလ (၁၂)ရက်တွင် စာအောင်ဘွဲ့နှင်းသဘင်ကို သထုံမြို့ကျက်သရေဆောင် သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်၌ ဆင်ယင်ကျင်းပမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အောက်ပါသတ်မှတ်ချက်များနှင့်အညီ စာမေးပွဲဝင်ခွင့်လျှောက်လွှာများကို တန်ဆောင်မုန်းလပြည့်နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း တင်သွင်းနိုင်ပါသည်။

**ပထမဆင့်** - ရဟန်း၊ သာမဏေ၊ သီလရှင် မည်သည့်ပုဂ္ဂိုလ်မဆို အသက်ကန့်သတ်ချက်မရှိ ဖြေဆိုခွင့်ရှိပါသည်။

**ဒုတိယဆင့်** - ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲ ပထမဆင့်အောင်မြင်ပြီးပုဂ္ဂိုလ်များသာဖြေဆိုခွင့်ရှိပါသည်။

**တတိယဆင့်** - ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲ ဒုတိယဆင့်အောင်မြင်ပြီးပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိပါသည်။

**ဆက်သွယ်ရန်လိပ်စာ - အတွင်းရေးမှူး**
**ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲကျင်းပရေးအဖွဲ့**
**အမှတ်(၃၄၃)၊ ဘုံကျောင်းလမ်း၊ အောက်ကျင်းရပ်ကွက်၊ သထုံမြို့၊**
**ဖုန်း-၀၅၇-၄၀၁၉၄၊ ၀၅၇-၄၀၅၉၇၊ ၀၅၇-၄၀၁၈၁၊**
**၀၉-၈၇-၂၀၄၈၀၊ ၀၉-၈၇-၂၀၆၈၅၊ ၀၉-၈၇-၂၀၁၅၄**

## ငွေးချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒဲ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၉**

ဦးခင်မောင်အေး **နှင့်** ဦးစိန်လှအောင်
**တရားလို** **တရားပြိုင်**

ဦးစိန်လှအောင် အမှတ် ၁၂၆၊ ထီးတန်းလမ်း၊ ဈေးကလေးရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

တရားလို ဦးခင်မောင်အေးက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၈ ရက်) မွန်းလွဲ ၁ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေးချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၅၀၄၆၂ Hi Bird ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူဒေါ်လတ်လတ်ဦး ၉/ခအဇ(နိုင်)၀၁၁၂၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၅-L ၃၁)၊ မြေကွက်အမှတ် (၂၅၅)၊ မြေအလျား× အနံပေ(၄၀×၆၀)ရှိ ပါမစ်မြေအမျိုးအစားကို မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနတွင် ဦးထွန်းထွန်း (၁) (MBU-၀၇၅၀၂၉) အမည်မှတ်သားတည်ရှိပါသည်။

ယင်းမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်မဒေါ်ခင်သန်းဆွေ ၁၂/လကန(နိုင်)၀၄၉၀၀၈ က ၁၆-၃-၂၀၁၂ ရက်တွင် တစ်ဦးတည်းဝယ်ယူ ပိုင်ဆိုင်သူဖြစ်ပါသည်။ယင်းဝယ်ယူထားသော ဦးထွန်းထွန်း(၁) အမည်ရှိ ပါမစ်မူရင်းမှာ ယခုအခါပျောက်ဆုံးသွားပါ၍ ယင်းမြေကွက်ပေါ်တွင် ကျွန်မ မသိရှိဘဲ အဆောက်အအုံ ဆောက်ခြင်း၊ ခြံစည်းရိုးကာခြင်းများ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင်ဖြစ်စေ၊ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနတွင်ဖြစ်စေ၊ ဂရန်သစ်လျှောက်ထားခြင်းများမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပျောက်ဆုံးနေသောပါမစ်မူရင်းအား ကျွန်မထံလာအပ်ပါက ထိုက်တန်သောကျေးဇူးဆပ်ပါမည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီရိဝင်း (စဉ်-၁၀၁၁၀) LL.B, D.B.L, D.I.L တရားလွှတ်တော်ရှေ့နေ**
**ဦးအုန်းသန်း (စဉ်-၈၂၃၉)B.A(Geog), H.G.P, R.L.D.B.L တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၃၁၀/ခ)၊ ဗလ္လိက ၁၂ လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၃၀၈၅၄၉၈၊ ၀၉-၇၃၀၀၀၂၃၈၊ ၀၉-၄၅၀၀၁၉၇၄၅**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးရွှေအေး ၁၂/မဂတ(ဧည့်)၀၀၀၂၃၆နှင့် ဒေါ်မြင့်အေး ၁၂/မဂတ(နိုင်)၀၄၈၉၁၂ ရွှေငါးဖိနပ်လုပ်ငန်း၏သား မောင်အောင်မြတ်သူ(ခ)အောင်ညီညီ ၁၂/မဂတ(ဧည့်)၀၀၀၃၀၂ သည် မိဘတို့၏ ဆိုဆုံးမမှုကို လုံးဝနားမထောင်သည့်အပြင် ညီအစ်ကိုမောင်နှမတို့ကိုလည်း နည်းမျိုးစုံဖြင့် ဆိုးသွမ်းစွာဆက်ဆံနေခြင်းကြောင့် ယနေ့မှစ၍ အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။

၎င်း မောင်အောင်မြတ်သူ(ခ)အောင်ညီညီနှင့် ပတ်သက်မှုအဝဝကို နောက်နောင် လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာလိုက်သည်။

**ဖခင်-ဦးရွှေအေး ၁၂/မဂတ(ဧည့်)၀၀၀၂၃၆**
**မိခင်-ဒေါ်မြင့်အေး ၁၂/မဂတ(နိုင်)၀၄၈၉၁၂**

# မန္တလေးတွင် ယာဉ်စည်းကမ်းထိန်းသိမ်းရန် အဖွဲ့ ၇၉ ဖွဲ့ ပူးပေါင်းလုပ်ဆောင်မည်

**မန္တလေး ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး အတွင်း ယာဉ်စည်းကမ်းဖောက်ဖျက်သူများအား ဩဂုတ် ၁၄ ရက်နောက်ပိုင်းတွင် ယခင်ထက်ပို၍ ထိရောက်စွာအရေးယူနိုင်ရန် ပူးပေါင်းအဖွဲ့ ၇၉ ဖွဲ့ဖြင့် အရေးယူမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဝင်တစ်ဦးထံမှ သိရသည်။

"ယာဉ်စည်းကမ်း ဖောက်ဖျက်သူလျော့နည်းသွားဖို့၊ ပိုပြီးစည်းကမ်းလိုက်နာမှုရှိလာဖို့နဲ့ ယာဉ်တိုက်မှုကျဆင်းစေဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ အင်အားတိုးချဲ့တာပါ။ ခရိုင်အလိုက်၊ မြို့နယ်အလိုက် ပူးပေါင်းစစ်ဆေးရေးအဖွဲ့တွေနဲ့ စစ်ဆေးအရေးယူမှုတွေ ထိရောက်အောင် လုပ်ဆောင်တာဖြစ်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်တစ်ဦးက ပြောသည်။

မန္တလေးခရိုင်တွင် ပူးပေါင်းအဖွဲ့ ၃၁ ဖွဲ့နှင့် ကျန်ရှိသော ခရိုင်ခြောက်ခုတွင် ပူးပေါင်းအဖွဲ့ ၁၈ ဖွဲ့နှင့် မြို့နယ်များတွင် အဖွဲ့ ၃၀ ပါဝင်ပါက ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ၇၉ ဖွဲ့က အင်အား ၆၇၁ ဦးဖြင့် အရေးယူမှုများလုပ်ဆောင်ခြင်း ဖြစ်ကြောင်း သိရသည်။ ပြည်သူများအား ပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဟောပြောခြင်းများ ပြုလုပ်ခဲ့သော်လည်း ယာဉ်စည်းကမ်းလိုက်နာမှု အားနည်းနေခြင်းမှာ နေ့စဉ်အရေးယူမှုအပိုင်းတွင် အားနည်းနေခြင်းကြောင့် ဖြစ်နိုင်ကြောင်း ၎င်းက သုံးသပ်သည်။

"အရေးယူတဲ့နေရာမှာ မော်တော်ယာဉ်ဥပဒေနဲ့ စည်ပင်သာယာဥပဒေ ဆိုပြီးရှိပါတယ်။ ယာဉ်တိုက်မှုတွေကြည့်ရင် ဆိုင်ကယ်ပါဝင်တဲ့အမှုတွေများတာ တွေ့ရတယ်၊ အရှိန်ပြင်းပြင်းနဲ့မောင်းကြတာရယ်၊ ဆိုင်ကယ်စီးဦးထုပ် မဆောင်းတာရယ်၊ ယာဉ်စည်းကမ်းမလိုက်နာ ကြတာပါပဲ"ဟု ယာဉ်ထိန်းရဲအရာရှိတစ်ဦးက ပြောပြသည်။

ဇူလိုင်လအထိ မန္တလေးခရိုင် အတွင်း ယာဉ်တိုက်မှု ၂၄၃ မှုတွင် သေဆုံးသူ ၁၀၅ ဦး၊ ဒဏ်ရာရသူ ၂၇၉ ဦးရှိခဲ့၍ ဆိုင်ကယ်ပါဝင်သည့် ယာဉ်တိုက်မှုပိုမိုလာကြောင်း၊ စည်းကမ်းဖောက်ဖျက်သဖြင့် အရေးယူခဲ့ရသည့်အမှုများမှာ မော်တော်ယာဉ်ဥပဒေအရ ၁၃၈ မှု၊ စည်ပင်ဥပဒေ ပုဒ်မ-၂၆အရ ၃၁၅၆ မှုတို့ဖြစ်ရာ ဆိုင်ကယ်စီးသူများအား အရေးယူခဲ့ရသည့်အမှုမှာ ၂၈၂၇၀ မှုရှိ၍ မော်တော်ယာဉ်များထက်ပိုမိုပြီးအရေးယူခဲ့ရကြောင်း သိရသည်။

မန္တလေးခုနစ်မြို့နယ် ယာဉ်တိုက်မှုစာရင်းများအရ ညပိုင်းအချိန်တွင်ပို၍ဖြစ်ပွားနေပြီး ချမ်းမြသာစည်မြို့နယ်တွင် ၄၃ မှုသည် အများဆုံးဖြစ်ခဲ့ရာ ယခင်နှစ် ဇူလိုင်လအတွင်း ဖြစ်ပွားမှုနှင့် ကာလတူနှိုင်းယှဉ်ပါက ဆိုင်ကယ်ပါဝင်သော ယာဉ်တိုက်မှုမှာ ၁၂၇၀၁ မှုတိုးလာသဖြင့်ဆိုင်ကယ်မောင်းသူများက စည်းကမ်းနှင့်အညီ မောင်းနှင်ကြရန် လိုအပ်ကြောင်းသိရှိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



# လျှပ်စစ်အန္တရာယ်ကင်းဝေးရေး ပညာပေးဟောပြော

**ရန်ကုန် ဩဂုတ် ၂၆**

မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီက ဦးဆောင်ကျင်းပသော ရေနစ်သေဆုံးမှု၊ ဓာတ်လိုက်သေဆုံးမှုနှင့် မိမိကိုယ်ကိုယ် သေကြောင်းကြံစည်မှုများ လျော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို အလုံမြို့နယ် ဌာနာရပ်ကွက် နှင်းဆီလမ်းရှိ အလုံမြို့နယ်ခန်းမ၌ ဩဂုတ် ၂၄ ရက်က ကျင်းပသည်။

ဟောပြောပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းရွှေ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထွားညွှန့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ကြက်ခြေနီအသင်းနှင့် ရပ်ကွက်ပေါင်း ၁၁ ရပ်ကွက်မှအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးက မိမိကိုယ်မိမိ သေကြောင်းကြံစည်မှုနှင့်ပတ်သက်သော သိကောင်းစရာများနှင့် ဥပဒေဆိုင်ရာ အရေးယူမှုများကို လည်းကောင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထွားညွှန့်က ဓာတ်လိုက်သေဆုံးမှုနှင့် လျှပ်စစ်အန္တရာယ်ကာကွယ်ရေးနှင့် ပတ်သက်သော သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်သူနာပြုတပ်ရင်း ဒုတိယတပ်ရင်းမှူးနေဝင်းထွန်းနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးသိန်းမြင့်တို့က ရေနစ်သေဆုံးမှု၊ လျှပ်စစ်ဓာတ်လိုက်သေဆုံးမှုနှင့်ပတ်သက်၍ သတိပြုသင့်သည့် အကြောင်းအရာများကို လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ရွှေတိုင်လွင်**

# ရေစကြိုမြို့နယ် အောင်ချမ်းသာရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုး မြစ်ရေပိုက်လိုင်းသွယ်တန်း

**ရေစကြို ဩဂုတ် ၂၆**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အမှတ်(၆)ရပ်ကွက် အောင်ချမ်းသာရပ်တွင် မြို့စည်ပင်သာယာရေးမှ မြို့တွင်းသို့ ဖြန့်ဝေသည့် မြစ်ရေကို အများပြည်သူတို့ အသုံးပြုနိုင်ရန်အတွက် အောင်ချမ်းသာရပ်ကွက်ရှိ သီတာရုံကျောင်း ကျောင်းထိုင်ဆရာတော် ဦးဆောင်သည့်ရပ်ကွက်နေပြည်သူများက သောက်သုံးရေကန်တည်ဆောက်ခြင်း၊ မြစ်ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် မြစ်ရေပိုက်လိုင်းကျင်းတူးခြင်းတို့ကို ကိုယ့်အားကိုယ်ကိုးတည်ဆောက်လျက်ရှိသည်ဟု သိရသည်။

အောင်ချမ်းသာရပ်ကွက် သောက်သုံးရေကန်တည်ဆောက်ရန် ရေစကြိုမြို့ ကောင်းမြတ်စတိုးဆိုင်မှ အလှူငွေကျပ် ခုနစ်သိန်း လှူဒါန်းခဲ့သဖြင့် အလျား ၁၀ ပေ၊ အနံ ၇ ပေ၊ အမြင့် ၅ပေရှိ သောက်သုံးရေကန်ကို တည်ဆောက်နိုင်ခဲ့သည်ဟု သိရသည်။ မြစ်ရေပိုက်လိုင်းသွယ်တန်းရာတွင် အမှတ်(၅)ရပ်ကွက်၊ မြို့မတောင်ပိုင်းရပ်ရှိ စည်ပင်မြစ်ရေကန်မှ အောင်ချမ်းသာရပ်ကွက် သောက်သုံးရေကန်အထိ ပေ ၂၀၀၀ ခန့် ရေပိုက်မြှုပ်ခြင်းကို ရပ်ကွက်နေပြည်သူများ၏ စုပေါင်းအလှူငွေဖြင့် တည်ဆောက်မည်ဖြစ်သည်ဟု သိရသည်။ မြစ်ရေပိုက်လိုင်းကျင်းတူးခြင်းကိုမူ အမှတ်(၅)ရပ်ကွက် မြို့မတောင်ပိုင်းရပ်ရှိ စည်ပင်သာယာ သောက်သုံးရေကန်မှ ပုလဲစုရပ်ကွက် လမ်းထောင့်အထိ ပေ ၁၀၀၀ နီးပါးခန့်ကို မြေအောက်ရှိအခြား မြစ်ရေပိုက်လိုင်းများနှင့် ကင်းလွတ်မှုရှိစေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြေကျင်းတူးသူများနှင့် ဆောင်ရွက်ကြမည်ဖြစ်ပြီး ပုလဲစုရပ်ကွက်လမ်းထောင့်မှ အောင်ချမ်းသာရပ်ကွက် သောက်သုံးရေကန်အထိ ပေ ၁၀၀၀ ကျော်ခန့်ကို အောင်ချမ်းသာရပ်ကွက်နေ ပြည်သူများက ရေပိုက်လိုင်းကျင်းတူးကြမည်ဖြစ်ကြောင်း သိရသည်။

ဤကဲ့သို့ အောင်ချမ်းသာရပ်ကွက်မှပြည်သူများသည် မိမိတို့ရပ်ကွက်သောက်သုံးရေ အဆင်ပြေချောမွေ့စေရေးအတွက် ကိုယ့်အားကိုယ်ကိုး ရေပိုက်လိုင်းကျင်းတူးကြရာတွင် နေ့ခင်းဘက်များ၌ မိသားစုစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ကြရန်ရှိနေသဖြင့် အလုပ်အားလပ်သည့် ညဘက်များတွင် မြေကျင်းတူးကြမည်ဖြစ်ရာ ဩဂုတ် ၂၄ ရက် ည ၇ နာရီမှစ၍ ညစဉ်ညတိုင်း ရပ်ကွက်သူ၊ ရပ်ကွက်သားများ စုပေါင်း၍ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ကြမည်ဖြစ်သည်ဟု သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

> ပေ ၁၀၀၀ ခန့်ကို မြစ်ရေပိုက်လိုင်းများနှင့် ကင်းလွတ်စေရန် စည်ပင်သာယာရေးအဖွဲ့မှ မြေကျင်းတူးသူများနှင့် ဆောင်ရွက်မည်

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အစုကြီးကျေးရွာ၊ ကွင်းအမှတ် ၃၆၀၊ ဦးပိုင်အမှတ် (၅-၇-၈) (အလျားပေ ၆၀×အနံပေ ၄၀၀) ဧရိယာ ၀ ဒသမ ၆၀ ဧကရှိ ဦးရွှေသန်းအမည်ပေါက်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်သော်တာဇင် ၁၃/တကန(နိုင်)၀၆၇၉၈၁ မှ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်မိုး LL.B.,D.B.L**
**(တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၈၂၁၇**

**ဦးမောင်မောင်မျိုးလှိုင် LL.B**
**(အထက်တန်းရှေ့နေ)**
**စဉ်-၄၂၆၆၂**

**အခန်းအမှတ် ဘီ-၆၊ မေရှော့ပင်းစင်တာ(ပထမထပ်)၊ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၀၂၆၆၁၄၊ ၀၉-၄၂၁၀၄၁၇၇၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ဃ/၄၇၅၅၀ (Honda wave 100) ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအေး ၇/နတလ(နိုင်)၀၇၆၄၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၆၂၆၁၉ Suzuki Shogan 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည်မြင့် ၁၄/လပတ(နိုင်)၀၀၅၆၈၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

**စိုက်ပျိုးရေးတက္ကသိုလ် ဆရာကန်တော့ပွဲနှင့် ၁၉၇၀-၁၉၇၅ ကျောင်းသားဟောင်းများ**

## နှစ်(၄၀)ပြည့် မိတ်ဆုံစားပွဲ

စိုက်ပျိုးရေးတက္ကသိုလ်မှ အငြိမ်းစားဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ၁၉၇၅ ခုနှစ် စိုက်ပျိုးရေးဘွဲ့ရ ကျောင်းသူ ကျောင်းသားဟောင်းများ၏ ဘွဲ့ရ နှစ်(၄၀)ပြည့် မိတ်ဆုံစားပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး ဆက်သွယ်ပြီး အလှူငွေထည့်ဝင်ကြပါရန် နိုးဆော်အပ်ပါသည်။

| **အောက်မြန်မာပြည်ဘဏ်စာရင်း** | | **အထက်မြန်မာပြည်ဘဏ်စာရင်း** | |
|---|---|---|---|
| ၁၃၆၁၂၂၀၀၀၆၂၆၇ | | ၀၄၁၁၂၂၀၀၁၅၆၁၅ | |
| ကမ္ဘောဇဘဏ်(သင်္ဃန်းကျွန်းသကေတဘဏ်ခွဲ) | | ကမ္ဘောဇဘဏ်(မန္တလေးဘဏ်ခွဲ-၅) | |
| ဒေါက်တာမြင့်သောင်း | ဖုန်း-၀၉-၅၅၀၄၈၇၆ | ဦးစိုင်းထွန်းစိန် | ဖုန်း-၀၉-၂၀၁၅၂၄၆ |
| ဦးကျော်တင့် | ဖုန်း-၀၉-၅၀၀၆၇၈၀ | ဒေါ်အေးမာဝင်း | ဖုန်း-၀၉-၉၁၀၂၁၅၆၄ |
| ဦးလှိုင်မင်း | ဖုန်း-၀၉-၇၃၁၅၉၀၂၃ | ဒေါ်ညိုညိုဆွေ | ဖုန်း-၀၉-၃၃၀၃၈၃၂၆ |
| **ကော်မတီဝင်များ-** | | **ကော်မတီဝင်များ-** | |
| **အောက်မြန်မာပြည်** | | **အထက်မြန်မာပြည်** | |
| ဦးတင့်လွင် | ဖုန်း-၀၉-၅၃၄၀၂၀၇ | ဦးတင်ဌေး | ဖုန်း-၀၉-၂၀၅၄၄၉၁ |
| ဒေါ်ချိုချိုမေ | ဖုန်း-၀၉-၅၁၂၆၀၄၄ | ဦးမြင့်သိန်း | ဖုန်း-၀၉-၅၂၁၀၃၄၂ |
| ဒေါ်တင်တင်အုန်း | ဖုန်း-၀၉-၅၁၀၃၅၀၃ | ဒေါ်မိုမိုနွယ် | ဖုန်း-၀၉-၅၁၀၅၃၃၁ |
| ဒေါ်လှဲ့လှဲ့စန်း | ဖုန်-၀၉-၇၃၁၄၁၂၉၅ | ဒေါ်မာမာခင် | ဖုန်း-၀၉-၂၀၂၃၁၀၈ |

## ဖခင်အမည်မှန်

ဝန်းသိုမြို့၊ အထက နဝမတန်း (A)မှ မမိုးနန္ဒာထွန်း၏ဖခင်အမည်မှန်မှာ ဦးဖိုးညီ(ခ)ဦးတင်ထွန်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၇၈၄၈ Honda C90 Custom CMS ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်သန်း ၉/မနတ(နိုင်)၀၆၉၉၀၄မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4C/4085၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄စ/၃၁၀၂၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃ/၇၂၀၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

သတင်းဆောင်းပါးနှင့်ကြော်ငြာ

# စားသုံးသူအပေါ် ကျရောက်မည့် အန္တရာယ် စုပေါင်းအားဖြင့် ကာကွယ်

သိန်းဇော်(ရွှေလီဦး)

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ မိုင်းယူကျေးရွာအနီး မူဆယ်-လားရှိုး-ပန်ဆိုင်း(ကျူကုတ်) လမ်းခွဲတွင် တည်ရှိသော ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှာ မူဆယ်မြို့နှင့် ခုနစ်မိုင်အကွာ ပန်ဆိုင်း(ကျူကုတ်) နှင့် ၁၁ မိုင်အကွာ လားရှိုးမြို့နှင့် ၁၀၅ မိုင်အကွာတွင် တည်ရှိသည်။ နေ့စဉ် ဝင်ထွက်သွားလာနေသော ပို့ကုန်သွင်းကုန်ကားများ စဉ်ဆက်မပြတ်ရှိနေပြီး ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန အကောက်ခွန်ဦးစီးဌာနနှင့် သက်ဆိုင်သည့် ဌာနအသီးသီးမှ ဝန်ထမ်းများ၊ မူဆယ်ပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံးမှ လုပ်သားများ၊ အေးဂျင့်များဖြင့် နေ့စဉ်လှုပ်လှုပ်ရှားရှား တွေ့နေရသည်။ ထို့အတူ သွင်းကုန်၊ ထုတ်ကုန်ရုံးများတွင်လည်း ပြည်တွင်းအခွန်၊ မြန်မာ့စီးပွားရေးဘဏ် စသည့်ဖြင့် ဌာနပေါင်းစုံမှ ကုန်သွယ်မှုလုပ်ငန်းများကို ပြီးပြည့်စုံအောင် မှန်ကန်မြန်ဆန်စွာဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရှိရပြီး ထိုဌာနဆိုင်ရာများ၏ ဆောင်ရွက်မှုများနှင့်အတူ ကုန်စည်စီးဆင်းမှုနှင့် လမ်းပန်းဆက်သွယ်သွားလာမှုကောင်းမွန်ခြင်း၊ ဝယ်လိုအား/ရောင်းလိုအားများ ကောင်းခြင်း စသည်တို့ကြောင့် ကုန်သွယ်မှုတန်ဖိုးပမာဏမှာ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ၈၀ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။

